ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (28-9-2011) (၆၇၉၆)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ

## သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နေပြည်တော်  စက်တင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟန်ဒွန်းနတီ ရန်နူးလူး ပီယဆရီသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟန်ဒွန်းနတီ ရန်နူးလူး ပီယဆရီ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ

## အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော်  စက်တင်ဘာ ၂၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟာနီရီယဒ်မာဝါဒ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**



အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟာနီရီယဒ်မာဝါဒ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

၂၈-၉-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

# ရေနှင့်အစားအစာသန့်ရှင်းမှု သတိပြု

ကျန်းမာရေးသည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ တစ်ကိုယ်ရေ သန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အစဉ်ဂရုပြု နေထိုင်စားသောက်ကြရမည်။ ရာသီဥတု အပူအအေး ပြောင်းလဲနေသည့်အခါ ကူးစက်ရောဂါများ ဖြစ်ပွားနိုင်သဖြင့် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များနှင့်အညီ လိုက်နာနေထိုင်ကြရပေမည်။

အချို့သောဒေသများ၌ မြစ်ရေကြီးခြင်းကြောင့် မြို့ရွာရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများ ကြုံတွေ့ရသည့်အခါ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ရေနှင့် အစားအစာသန့်ရှင်းမှု ဂရုပြုကြရမည်။ အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အခြားကျန်းမာရေးပြဿနာများလည်း ဖြစ်ပွားတတ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ စနစ်တကျဆောင်ရွက်ကြရန် လိုအပ်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ကူးစက်ရောဂါဖြစ်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်သုံးရေ မသန့်ရှင်းမှုတို့ကြောင့် ပိုမိုဖြစ်ပွားနိုင်သည်။ အဆိုပါရောဂါသည် ယင်ကောင်များမှတစ်ဆင့် ကူးစက်တတ်သည်။ မသန့်ရှင်းသော ရေနှင့် အစားအစာ၊ မသန့်ရှင်းသော လက်တို့မှလည်း ကူးစက်နိုင်သဖြင့် ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။

မသန့်ရှင်းသော သောက်သုံးရေများသည် ဝမ်းပျက်ဝမ်းလျှောရောဂါ ပိုမိုဖြစ်ပွားစေနိုင်သည်။ သောက်ရေ၊ သုံးရေ မှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးရည်ခတ်ပြီးမှဖြစ်စေ သောက်သုံးကြရပေမည်။ သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသော ရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း၊ အိမ်သာနှင့် နီးကပ်စွာ တည်ရှိခြင်း၊ အိမ်သာထက် နိမ့်သောနေရာတွင် ရှိခြင်းတို့ကြောင့် ရောဂါပိုးများ ဝင်ရောက်နိုင်သဖြင့် အကာအကွယ်များ ပြုလုပ်ထားကြရမည်ဖြစ်သည်။

ယင်နားစာ၊ အမှည့်လွန်အသီးများနှင့် သန့်သန့်ရှင်းရှင်း ပြုပြင်ချက်ပြုတ်မထားသော အစားအစာ၊ လက်သုပ် စသည့်အစားအစာများသည် ဝမ်းပျက်စေနိုင်သဖြင့် စားသုံးမှုမပြုကြရေး ဆင်ခြင်ကြရပေမည်။ အသား၊ ငါး၊ အသီး၊ အရွက်များ ခုတ်ဖြတ်ရာတွင် စဉ်းတီတုံးနှင့် ဓားများ သီးသန့်ထား၍ အသုံးပြုခြင်း၊ အစားအစာများ ကျက်အောင်ချက်ပြီး စားသောက်ခြင်းတို့ လိုက်နာကြရပေမည်။ ထို့ပြင် အစာမစားမီ၊ အိုးခွက်ပန်းကန်များ မကိုင်တွယ်မီ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊ အိမ်သာတက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊ ယင်လုံအိမ်သာများ မြို့ရွာအားလုံးတွင် ဆောက်လုပ်အသုံးပြုခြင်းတို့ကို ဂရုတစိုက်လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

ရောဂါကြိုတင်ကာကွယ်ရေးတွင် တစ်ကိုယ်ရေသန့်ရှင်းမှုရှိရန် အထူးလိုအပ်သည်။ ပြည်သူများအားလုံးက ပတ်ဝန်းကျင်သန့်ရှင်းရေး အလေးထားပြီး သန့်ရှင်းသော သောက်သုံးရေနှင့် အစားအစာများကို သတိပြု စားသုံးကြပြီး ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များနှင့်အညီ နေထိုင်လိုက်နာ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ဘယ်လာရုစ်သံအမတ်ကြီး တွေ့ဆုံ
## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဗယ်လာရီ ဆာဒိုခိုသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်မင်းအောင်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်တို့ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဗယ်လာရီ ဆာဒိုခို လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၉-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

**ညပိုင်း**

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ လျှပ်တစ်ပြက်
- ၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၆။ ရှေးဟောင်းသုတ
- ၄း၄၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၈။ သန့်စွာကိုင်လေစက္ကူငွေ
- ၅း၁၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၀၃)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ Mail Box
- ၆း၃၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၆၀)
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၅၄)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -အတိတ်ပြန်နာရီ (အပိုင်း-၂) (ဇာတ်သိမ်း)(မိုးယံဇွန်၊ ခင်လှိုင်၊ ရီရီပွင့်ဖြူနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
- ၂၂။ အိုင်စီတီသုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက်လေးရယ်(အပိုင်း-၄၁)**
- ၂၅။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

# တောင်ကြီးဇုန် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (တောင်ကြီးဇုန်)က ဦးဆောင်ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၃/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် Hupin Inlay Resort (ခေါင်တိုင်)၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး **(အောက်ပုံ)** ထူးချွန်ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဌေးက သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပေးခဲ့သော Hupin Inlay Resort ပိုင်ရှင်တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(တောင်ကြီးဇုန်) အတွင်းရေးမှူး ဦးအောင်ကျော်မိုးက သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်သည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၃/၂၀၁၁)ကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂၆ ရက် အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ဟိုတယ်ဧည့်ကြိုလုပ်ငန်းသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ကျွေးမွေးရေးသင်တန်းတို့၌ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယဒေသသို့ ပြည်တွင်း/ပြည်ပ ဧည့်သည်များ ပိုမိုရောက်ရှိရေး၊ နိုင်ငံခြားဧည့်သည်များ ဝင်/ထွက်မှု အဆင်ပြေလွယ်ကူရေး၊ ခရီးစဉ်ဒေသသစ်များ တိုးချဲ့ဖော်ထုတ်ရေး၊ အင်းလေးကန်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။

(သတင်းစဉ်)



# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် စက်တင်ဘာ ၂၇**

ဦးဝင်းမောင်သည် စက်တင်ဘာ ၄ ရက်က ပန်းလှိုင် Link ဂေါက်ကွင်း၌ ဂေါက်ရိုက်ကစားစဉ် Titleist ဘောလုံးကို Taylarmade Wood (3) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၉၇ ကိုက်အကွာရှိ ကျင်းအမှတ် (၄)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ကစားဖော်များမှာ ဦးသန်းထွဋ်၊ ဦးမြင့်နိုင်ဦး၊ ဦးနိုင်ဦး (ပြည်အောင်ရတနာ)တို့ ဖြစ်ကြသည်။ (ကြေးမုံ)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၇-၉-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၅၇၀ | ၀. ၀၃၂၄၁ |
| တရုတ် (ယွမ်) | ၆. ၃၉၉၃၅ | ၀. ၁၅၆၂၇ |
| အိန္ဒိယ (ရူပီး) | ၄၈. ၉၁၀၀ | ၀. ၀၂၀၄၅ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၅၅၀ | ၀. ၃၁၇၉၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၉၆၉ | ၀. ၇၈၁၄၄ |
| ဂျပန် (ယန်း) | ၇၆. ၄၅၉၄ | ၀. ၀၁၃၀၈ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၇. ၅၉ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၃၃၆၃ | ၁. ၃၆၃၀၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၇၅၈ | ၁. ၅၆၈၄၄ |

***အင်တာနက်။***

# ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အတွက် ဝတ္ထုတိုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှ သဘာဝများ၊ ကျေးလက်ယဉ်ကျေးမှု ဓလေ့များနှင့် ဘဝသရုပ်ဖော် အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာ လေးမျက်နှာသို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာသို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက် မပိုဘဲ ရေးဖွဲ့နိုင်သည်။

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာ ရေးသား၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင်ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များ ပါရှိရမည်။ ဝတ္ထုတို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုသုံးဆုနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု -၁၀၀၀၀၀ ကျပ်၊ ဒုတိယဆု-၇၅၀၀၀ ကျပ်၊ တတိယဆု ၅၀၀၀၀ ကျပ်၊ အထူးဆု ၂၀၀၀၀ ကျပ် ချီးမြှင့်မည်ဖြစ်သည်။ ဆုရရှိသူစာရင်းကို သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တို့တွင် ထည့်သွင်းဖော်ပြပေးသွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

**စာ ပေ မြင့် မှ လူ မျိုး တင့် မည်**




# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် INGO များ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၂၇

**နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် World Vision Myanmar တို့အကြား ရပ်ရွာအခြေပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် စည်ပင်သာယာရေးဦးစီးဌာနနှင့် Bridge Asia Japan တို့အကြား အပူပိုင်းဇုန် ရေရရှိရေး စီမံကိန်းကာလ(၃)နှစ် တိုးမြှင့်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Takashi SAITO၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ World Vision Myanmar နှင့် Bridge Asia Japan တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုဘဝအရည်အသွေး (quality of life) မြင့်မားစေရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ ဆင်းရဲချမ်းသာ ကွာဟချက် ကျဉ်းမြောင်းစေရန်နှင့် မြို့ပြ၊ ကျေးလက်နှင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားသည့် Millennium Development Goals ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အစီအစဉ်များ၊ မဟာဗျူဟာများတွင် ထည့်သွင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆင်းရဲသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်(၈)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် နိုင်ငံတော်အစိုးရတစ်ခုတည်းက ဆောင်ရွက်ခြင်းမပြုဘဲ ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ ပြည်တွင်း/ပြည်ပ NGO များ၊ ဒေသခံပြည်သူများ၊ ပုဂ္ဂလိကများနှင့် နီးနီးကပ်ကပ် လက်ချင်းချိတ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းလုပ်ငန်းများအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန် ဖြည့်ဆည်းကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဂျပန်သံအမတ်ကြီး Mr. Takashi SAITO က အပူပိုင်းဇုန် ရေရရှိရေးအတွက် ဂျပန်နိုင်ငံ၏ အကူအညီပေးခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ Bridge Asia Japan ဥက္ကဋ္ဌ Ms. Etsuko ARAISI II နှင့် World Vision Myanmar ဌာနေကိုယ်စားလှယ် Ms. Christopher Paul Herink တို့က နှစ်ဖက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် World Vision Myanmar ဌာနေကိုယ်စားလှယ်တို့က ရပ်ရွာအခြေပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် Bridge Asia Japan ဥက္ကဋ္ဌတို့က အပူပိုင်းဇုန် ရေရရှိရေး စီမံကိန်းကာလ (၃)နှစ်တိုးမြှင့်ခြင်းဆိုင်ရာ ပဉ္စမအကြိမ်မြောက် နားလည်မှုစာချွန်လွှာကိုလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ယနေ့ လက်မှတ်ရေးထိုးကြသော နားလည်မှုစာချွန်လွှာများအရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် World Vision Myanmar တို့သည် ရပ်ရွာအခြေပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများဖြစ်သော အသိပညာပေးဆွေးနွေးခြင်းနှင့် ကျေးရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပညာရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးတို့အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသရှိ ကျေးရွာ ၃၂ ရွာ၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကျေးရွာ၂၀ ရွာ၊ လှိုင်းဘွဲ့မြို့နယ်ရှိ ကျေးရွာ ၁၄ ရွာ စုစုပေါင်းကျေးရွာ ၆၇ ရွာ အကျိုးခံစားခွင့် ရရှိမည်ဖြစ်သည်။ စည်ပင်သာယာရေးဦးစီးဌာနနှင့် BAJ တို့၏ နားလည်မှုစာချွန်လွှာအရ ရေခက်ခဲသော အပူပိုင်းဒေသများတွင် စက်ရေတွင်းများ တူးဖော်ခြင်း၊ စက်ရေတွင်းဟောင်းများ ပြုပြင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဘူမိရူပ Survey တိုင်းတာခြင်း၊ ကျေးရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊ နတ်မောက်၊ ရေနံချောင်းနှင့် ချောက်မြို့နယ်တို့ရှိ ကျေးရွာပေါင်း ၁၀၀ တွင် သောက်သုံးရေဖူလုံစွာရရှိရေး အကျိုးခံစားရမည်ဖြစ်သည်။ (သတင်းစဉ်)

## တောင်ကြီးတက္ကသိုလ် ရွှေရတုအထိမ်းအမှတ် လှူဒါန်းပွဲများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ် ရွှေရတု အာစရိယပူဇော်ပွဲ အလှူငွေရှာဖွေရေးကော်မတီ၏ အောင်မြင်မှုအထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေများ ထပ်မံပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ တောစခန်းသာ မဟာစည်ရိပ်သာ၌ကျင်းပရာ အခမ်းအနားသို့ တောင်ကြီးတက္ကသိုလ်ရွှေရတုပွဲတော်ကျင်းပရေး ကော်မတီဝင် ရူပဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဦးခင်မောင်တင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အလှူငွေ ရှာဖွေရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မဟာစည်သာသနာ့ရိပ်သာ ဆွမ်းစားဆောင်အတွက် ငွေကျပ် ခုနစ်သိန်း၊ တောင်ကြီးတက္ကသိုလ် ကန်တော့ခံ ဆရာကြီး/ဆရာမကြီးများအတွက် ထပ်မံကန်တော့ငွေကျပ် ၂၀၃ သိန်း နှစ်သောင်း၊ တောင်ကြီးတက္ကသိုလ်၌ ရေသန့်စက် တည်ဆောက်ရန်အတွက် မတည်ငွေကျပ်သိန်း ၂၀ တို့ကို အလှူရှင်များနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက ပေးအပ်လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

## နိုင်ငံသားစိစစ်ရေးကတ်ပြား မိုးညှင်း၌ ပေးအပ်

**မိုးညှင်း စက်တင်ဘာ ၂၇**

မိုးညှင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးစိန်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး)သည် စက်တင်ဘာ ၂ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲသို့ တက်ရောက်၍ ဆောင်ရွက်လျက်ရှိသော စီမံချက်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး ဂေါ်ရီအုပ်စုမှ တိုင်းရင်းသားများကိုယ်စား ကချင်တိုင်းရင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။(ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၉-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၇:၅၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၅ ၈။ "မီးမီးရဲ့ဆုံးဖြတ်ချက်"
၈:၂၅ ၉။ အတီးပြိုင်ပွဲ
၈:၃၀ ၁၀။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ အတီးပြိုင်ပွဲ
၄:၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၄၅ ၅။ သီချင်းကြီးပဒေသာ
၅:၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြတ်ရေးတေးများ
၅:၂၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၀ ၉။ International Science News
၅:၄၀ ၁၀။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၅:၅၀ ၁၁။ "စာဖတ်သံလေးမျှဝေပေး"
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၀၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဆောင်
၆:၃၅ ၁၅။ ရွှေရင်ခုန်သံ
၇:၁၀ ၁၆။ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဂုဏ်ပြုဇာတ်လမ်း "အရေးကြုံရင် ကြေးမုံရှိတယ်" (ခန့်စည်သူ၊ ဘုန်းလျှံ၊ နေယံ၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ မေကဗျာ၊ ချစ်စနိုးဦး၊ ခင်လေးနွယ်၊ ခရစ္စတီးနား၊ အိချောပို) (ဒါရိုက်တာ-ဇော်မြင့်ဦး၊ ခန့်စည်သူ)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ (၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အရေးဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
၂၁။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၉၆)**
၂၃။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) "ဥဂ္ဂသေနဇာတ်တော်ကြီး" (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး) (ဒုတိယပိုင်း)
၂၄။ အစီအစဉ်ပြီး၏။

# ရန်ကုန်မြို့ရှိ အိမ်ရာစီမံကိန်းနှင့် လူနေအိမ်ခန်းများ ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်အတွင်းရှိ ယုဇနဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော HIWAY COMPLEX PROJECT စီမံကိန်းလုပ်ငန်းခွင်၌ အဆောက်အအုံ ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ လှိုင်မြို့နယ် သူရိန်ရိပ်မွန်အိမ်ရာမှ လူနေအိမ်ခန်းများ၊ ကျောက်တံတားမြို့နယ် (၃၈)လမ်း အိမ်ရာစီမံကိန်း အဆောက်အအုံ ဆောက်လုပ်ပြီးစီးနေမှုနှင့် အခန်းဖွဲ့စည်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းရှိ ယုဇနဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း၌ ဆောင်ရွက်ပြီးစီးနေသော လူနေတိုက်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး အိမ်ရာစီမံကိန်းများ သန့်ရှင်းသပ်ရပ်ရေး၊ အိမ်ခန်းဖွဲ့စည်းမှုများ စနစ်တကျခေတ်မီ၍ လက်ရာသေသပ်ကောင်းမွန်ရေး၊ စံချိန်စံညွှန်းနှင့်အရည်အသွေးပြည့်မီရေးနှင့် ရေ၊ မီး၊ မိလ္လာစနစ်တကျဖြစ်ရေး၊ အိမ်ရာဝန်းကျင်ရေစီးမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

## ကောလင်းစာနယ်ဇင်း စည်းဝေး

**ကောလင်း စက်တင်ဘာ ၂၇**

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၂၅ ရက်က အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က အမှာစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးမြင့်အောင်(သိန်းကျော်မြင့်-ကောလင်း)က အလုပ်အမှုဆောင် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး ဘဏ္ဍာရေးမှူးဦးနေဦး(ကိုနေ-ကောလင်း၊ အမျိုးသားစာပေဆုရ)က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အဖွဲ့ဝင် ဒေါ်ခင်မို့မို့ငြိမ်း (ထွေးငယ်-ကောလင်း)၊ ဒေါ်မြင့်(မြင့်မြင့်ထွေး-ကောလင်း)နှင့် ဒေါ်အေးသီရိကျော်(အေးသီရိကျော်)တို့က အစီရင်ခံစာအပေါ် အကြံပြုဆွေးနွေးကြသည်။ (၂၁၄)

# တနင်္သာရီတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၇

**တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက် အမှာစကားပြောကြားသည်။**

တိုင်းဒေသကြီးဝန်ကြီးချုပ်က ရသုံးမှန်းခြေ ငွေစာရင်းများ ရေးဆွဲတင်ပြရာတွင် ဌာနအလိုက် အမှန်တကယ်ရရှိနိုင်မည့် အခွန်များ မကျန်ရှိစေအောင် ရေးဆွဲတင်ပြကြရန်၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ တိုင်းဒေသကြီးဌာနဆိုင်ရာများအနေဖြင့် တိုင်းဒေသကြီးဝန်ကြီးများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မိမိတို့သက်ဆိုင်ရာ အထောက်အကူပြုကော်မတီများအလိုက် တွန်းအားပေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်၊ မိုးစပါးလျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်၊ မိုးတွင်းကာလအတွင်း ပျက်စီးသွားသော လမ်းများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သော ကျောက်၊ ကတ္တရာများ ကြိုတင်စုဆောင်းထားရှိရန်၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ လစ်လပ်မှုမရှိစေရန်နှင့် အစားထိုးတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြခဲ့ကြသည်။ (သတင်းစဉ်)



**တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)



**ရခိုင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေး(စစ်တွေ)စခန်း၏ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

# ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေး စစ်တွေ၌ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေး(စစ်တွေ)စခန်း၏ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် နယ်စပ်ကုန်သွယ်ရေး(စစ်တွေ)စခန်း စခန်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့မှ ပြည်နယ်တာဝန်ခံများ၊ ပြည်နယ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် OSS အဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ခံများ၊ ကုမ္ပဏီလုပ်ငန်းရှင်များက ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။ (သတင်းစဉ်)



**မွန်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမင်းနွယ်စိုး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ရုံးချုပ်မှ ဂုဏ်ပြုချီးမြှင့်ငွေများကို ရှေးဟောင်းပစ္စည်းများ တူးဖော်ရရှိအပ်နှံသူ ဦးရွှေလင်းထံ ပေးအပ်စဉ်။** (သတင်းစဉ်)

# ရှေးဟောင်းပစ္စည်းများ တူးဖော်ရရှိအပ်နှံသူအား ဂုဏ်ပြုဆုငွေချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာမှ ဦးရွှေလင်းသည် ၎င်း၏ခြံအတွင်း ရော်ဘာစိုက်ရန် မြေတူးဆွစဉ် တွေ့ရှိရသော ရွှေအပိုင်းအစများ၊ ဖောင်းရှစ်ခုပါ ပုတီးစေ့များ၊ ငွေဒင်္ဂါးပြား ၁၀၁ ပြား၊ နားတောင်းတစ်ရန် စုစုပေါင်းပစ္စည်း အမျိုးအစား ၁၁ မျိုးကို နေပြည်တော်ရှိ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်သို့ သွားရောက်အပ်နှံသဖြင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် မွန်ပြည်နယ် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက ရှေးဟောင်းပစ္စည်းများ တူးဖော်ရရှိမှုနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ရုံးချုပ်မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၃၀၉၃၀၀ ကို ဦးရွှေလင်းထံ ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

# သတင်းမီဒီယာနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၇**

သတင်းပြန်ကြားရေးလုပ်ငန်းများ ပိုမိုမြန်ဆန် မှန်ကန်ထိရောက်မှုရှိစေရေးအတွက် မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် သတင်းမီဒီယာနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မကွေးမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကျော်မင်းက အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် တိုင်းဒေသကြီးအဆင့်ဌာနအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ၂၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)



**မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မင်း သတင်းမီဒီယာနှင့် ပြည်သူ့ဆက်ဆံရေး သင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အကောင်းဆုံးသုတေသနရွေးချယ်ရေး စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အကောင်းဆုံးသုတေသန ရွေးချယ်ရေးစာတမ်းဖတ်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားကြသည်။

အဆိုပါစာတမ်းဖတ်ပွဲကို စက်တင်ဘာ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ စာတမ်း ၁၀ စောင်နှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ စာတမ်း ၁၀ စောင်တို့ကို ဖတ်ကြားမည်ဖြစ်သည်။

(သတင်းစဉ်)



**ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) အကောင်းဆုံးသုတေသနရွေးချယ်ရေးစာတမ်းဖတ်ပွဲ၌ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | “အာဒိတ္တသုတ္တန်”တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ) |
| ၆း၃၅ | တောင်ကြီးမြို့ရဲ့ တုမရှိလောကချမ်းသာစူဠာမုနိ |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၄၀)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၈၂)** |
| ၈း၅၀ | ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တခေမာစာရ၏ ဝိဇာတမင်္ဂလာ |
| ၁၀း၀၀ | ဆေးပညာရှင်များနှင့်ပြည့်စုံသော ချိန်းဆိုတွေ့ဆုံမှု (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်) |
| ၁၀း၃၅ | ဓာတ်ပုံထဲမှအမှတ်တရများ |
| ၁၀း၅၅ | ကလေးတို့အတွက်လမ်းညွှန် |
| ၁၁း၁၅ | Activities In The City |
| ၁၁း၃၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂း၀၅ | နယ်ဥဆန်းထွင်ပန်းအလှဆင် |
| ၁၂း၂၀ | ဗုဒ္ဓဂယာ ဘုရားဖူးများအတွက် သိကောင်းစရာများ (အပိုင်း-၂) |
| ၁း၀၀ | “အာဒိတ္တသုတ္တန်”တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | စကားနပန်း |
| ၃း၂၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၄၀)** |
| ၄း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၈၂)** |
| ၅း၁၀ | The Excellent Mandalay Expo |
| ၅း၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၄၁)** |
| ၇း၁၀ | Cartoon Show Time |
| ၇း၅၀ | Yangon Lifestyle Furniture Fair ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | အရေးကြုံရင် ကြေးမုံရှိတယ် |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၈၃)** |
| ၁၀း၂၅ | ရယ်စရာပေးရှင်း(မှားပြီးရင်မှား) |
| ၁၀း၅၀ | Celebrity Style |
| ၁၁း၁၅ | သင်ကြားရေးလမ်းညွှန် |
| ၁၁း၄၀ | Industrial Talk |
| ၁၂း၁၀ | World of Knowledge |
| ၁း၅၅ | တိရစ္ဆာန်လေးတွေမွေးကြမယ် |
| ၂း၂၀ | Box Office Movies |
| ၂း၄၅ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် |
| ၃း၀၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄း၀၅ | အောင်မြင်သူတို့ဘဝ ကျော်ကြားသူတို့နားခိုရာ |
| ၄း၃၀ | ကံပေါက်ဒေသမှ လေ့လာစရာများ |
| ၄း၅၀ | သက်ဝင်လှုပ်ရှား ရသ ရုပ်လုံးရုပ်ကြွများ |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# နှလုံးရောဂါမဖြစ်ပွားစေရေး ကြိုတင်သတိပြုကာကွယ်

## ပါမောက္ခနွယ်နွယ်
## နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်မန်နေဂျာ

၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့သည် (၁၁)ကြိမ်မြောက် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ ဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့၏ ဆောင်ပုဒ်မှာ 'ကမ္ဘာတစ်ခု၊ အိမ်ထောင်စု၊ ကျန်းမာနှလုံးပြု' ဖြစ်ပါသည်။

နှစ်စဉ် ကမ္ဘာ့လူဦးရေ၏ ၁၇ ဒသမ ၁ သန်းသည် နှလုံးသွေးကြောနှင့် သက်ဆိုင်သော ရောဂါဝေဒနာများကို ခံစားနေကြရပါသည်။ ထိုသို့ ဖြစ်ပွားခြင်းကြောင့် သေဆုံးမှု၏ ၈၂ ရာခိုင်နှုန်းသည် တစ်ဦးချင်းဝင်ငွေ အလယ်အလတ်ရှိသောနိုင်ငံနှင့် ဝင်ငွေနည်းပါးသောနိုင်ငံများ၌ ဖြစ်ပါသည်။ ထိုကဲ့သို့ ကြီးမားများပြားသော ပမာဏအရေအတွက်ရှိသည့် လူများသေဆုံးမှုအတွက် ဝမ်းနည်းကြေကွဲ ရပါသည်။ ယခုမှစ၍ နောက်နောင်များတွင် ယင်းကဲ့သို့ လူအများစု သေဆုံးခြင်းကို ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ စားသုံးခြင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးတို့ကို ရှောင်ရှားခြင်း စသည့် ရိုးရှင်းသော အဆင့်များဖြင့် ကြိုတင်ကာကွယ် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့နှလုံးအဖွဲ့ချုပ်သည် ကမ္ဘာပေါ်တွင် နှလုံးရောဂါနှင့် လေဖြတ်မှု ကာကွယ်ရေးလုပ်ငန်းများကို အဖွဲ့ဝင် အဖွဲ့အစည်း ၂၀၀ ၏ ညီညွတ်သောအသိုင်းအဝိုင်းတစ်ခုမှတစ်ဆင့် ဦးစီးလုပ်ဆောင်လျက်ရှိနေပါသည်။ ထိုသို့ လှုပ်ရှားဆောင်ရွက်ရာတွင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ နှလုံးဆိုင်ရာအဖွဲ့ချုပ်များနှင့် နှလုံးရောဂါဆိုင်ရာ အသင်းများ၏ အားကောင်းစွာအတူတကွ ပူးပေါင်းဆောင်ရွက်မှုကို ရရှိထားပြီးဖြစ်ပါသည်။ မိမိတို့၏ စုပေါင်းကြိုးပမ်းအားထုတ်မှုကြောင့် ကမ္ဘာတစ်လွှားရှိလူများ ပိုမိုအသက်ရှည်ပြီး ပိုမိုကောင်းမွန်သော နှလုံးကျန်းမာမှုဖြင့် ပြည့်စုံသောဘဝများကို ပိုင်ဆိုင်လာမည်ဟု မျှော်လင့်ထားကြပါသည်။

ယခုနှစ် စက်တင်ဘာလတွင်လည်း မကူးစက်တတ်သော နာတာရှည်ရောဂါများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အဆင့်မြင့် ဆွေးနွေးပွဲကို ပထမဆုံးအကြိမ် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ထိုဆွေးနွေးပွဲတွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ၊ နာတာရှည်ကင်ဆာရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ဆီးချိုအပါအဝင် ကူးစက်မှုမရှိသော ရောဂါများကိုကြိုတင်ကာကွယ်မှုနှင့် ထိန်းချုပ်ဆောင်ရွက်မှုများကို ဦးစားပေးဆွေးနွေးကြမည် ဖြစ်ပါသည်။

သို့ပါသော်လည်း နှလုံးသွေးကြောဆိုင်ရာ ရောဂါများကို တိုက်ဖျက်သည့် ကြိုးပမ်းမှုများသည် မူဝါဒချမှတ်သော သူများနှင့် ကမ္ဘာ့ခေါင်းဆောင်များအပေါ်မှာသာ မူတည်နေခြင်းမဟုတ်ပါ။ကမ္ဘာတစ်လွှားရှိ တစ်ဦးတစ်ယောက်ချင်းမှ ထိုနှလုံးသွေးကြောဆိုင်ရာ ရောဂါဝန်ထုပ်ဝန်ပိုးကြီးကို လျှော့ချသွားနိုင်ရေး ဆောင်ရွက်ရန်လိုအပ်သည်။

မိမိ၏အိမ်သည် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ရွေးချယ်စားသောက်နိုင်သော နေရာတစ်ခု ဖြစ်လာစေရေးနှင့် ဆေးလိပ်သောက်သုံးခြင်းကို တားမြစ်ထားသည့် နေရာတစ်ခုဖြစ်လာစေရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် မိမိချစ်ခင်နှစ်သက်ရသော သူများအတွက် နှလုံးရောဂါနှင့် လေဖြတ်ခြင်းဆိုင်ရာ ရောဂါဝေဒနာအန္တရာယ်မှ လျှော့ချစေနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် သင်ကိုယ်တိုင်နှင့် သင့်မိသားစု နှလုံးကျန်းမာရေးအတွက် တာဝန်ယူပေးရန် နှိုးဆော်လိုက်ရပါသည်။

ထိုသို့ မိသားစုတစ်စုချင်း၏ လှုပ်ရှားလုပ်ဆောင်မှုသည် နှလုံးကျန်းမာရေးတိုးတက်လာစေရန် အဓိက ဗဟိုချက်တစ်ခုဖြစ်ကြောင်း မီးမောင်းထိုးပြထားပါသည်။ ယခုနှစ်ကမ္ဘာ့နှလုံးကျန်းမာရေးနေ့၏ ကြိုးပမ်းအားထုတ်မှုများကို မိသားစုတစ်စုချင်းအပေါ်တွင် အလေးထားဆောင်ရွက်မည်ဟု ကမ္ဘာ့နှလုံးအဖွဲ့ချုပ်နှင့် သူ၏အဖွဲ့ဝင်အဖွဲ့အစည်းများက ဆုံးဖြတ်ခဲ့ကြသည်။ အိမ်ထောင်စုတစ်ခုစီတွင် ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်အခြေအနေသစ်များနှင့် လိုက်လျောညီထွေသည့် အနည်းငယ်သော ပြုမူပြောင်းလဲမှုများသည် ကမ္ဘာတစ်လွှားရှိ လူအများ၏ နှလုံးရောဂါနှင့် လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းချုပ်ဆောင်ရွက်ခြင်းတို့အတွက် များစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။

ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့တွင် ကမ္ဘာ့နှလုံးအဖွဲ့ချုပ်က အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် အကြံပြုထားပါသည်။

၁။ အိမ်တွင်ဆေးလိပ်မသောက်ရန်တားမြစ်ထားပါ။
- သင်ကိုယ်တိုင်နှင့် သင့်ကလေးများ၏ နှလုံးကျန်းမာရေး တိုးတက်ကောင်းမွန်လာစေရေးအတွက် အိမ်တွင်ဆေးလိပ်မသောက်ရန်။
- သင့်အိမ်တွင် ဆေးလိပ်မသောက်ရဟူသော စည်းမျဉ်းစည်းကမ်းအသစ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

၂။ ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများ အိမ်တွင် အဆင်သင့်ဖြည့်ဆည်းထားရှိပါ။
- နေ့တစ်နေ့ကို သစ်သီးတစ်လုံးဖြင့် စတင်ပါ။ (သို့) အလုပ်(သို့) ကျောင်းအတွက် ယူသွားမည့်သင်၏ နေ့လယ်စာကို ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများဖြင့် သေချာစွာကြိုတင်ပြင်ဆင်ထားပါ။
- အိမ်သားများ၏ ညနေစာတိုင်းသည် အနည်းဆုံး ဟင်းသီးဟင်းရွက်နှစ်မျိုး (သို့) သုံးမျိုး ပါဝင်မှုရှိပါစေ။

၃။ လှုပ်လှုပ်ရှားရှားနေပါ။
- မိသားစု၏တစ်နေ့တာ တီဗွီရှေ့တွင် အချိန်ဖြုန်းခြင်းကို ကန့်သတ်ပါ။ တစ်နေ့ တီဗွီကြည့်ချိန် နှစ်နာရီထက် မပိုရ။
- ပန်းခြံထဲတွင်ကစားခြင်း၊ အပျော်ခြေကျင်ခရီးထွက်ခြင်း၊ စက်ဘီးစီးခြင်းကဲ့သို့သော မိသားစု၏ အိမ်ပြင်ပ ကိုယ်လက်လှုပ်ရှားမှုမျိုးဖြစ်စေရန် စီစဉ်ဆောင်ရွက်ပါ။
- ဖြစ်နိုင်ပါက သင့်အိမ်မှ သင်သွားရမည့်နေရာသို့ ကားစီးမည့်အစား လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းကို လုပ်ဆောင်ပါ။

၄။ ကိုယ်နှင့်သက်ဆိုင်သော ကျန်းမာရေးဆိုင်ရာ ကိန်းဂဏန်းများကို သိရှိပါစေ။
- ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပုဂ္ဂိုလ်ထံသို့ သွားရောက်ပြသ၍သွေးတိုး၊ သွေးထဲရှိ အဆီပမာဏ၊ သကြားဓာတ်ပမာဏများနှင့် ခါးနှင့်တင်ပါး အချိုးအစားနှင့် ခန္ဓာဝန်ညွှန်ကိန်းတို့ကို တိုင်းတာပါ။
- သင်၏နှလုံးသွေးကြောဆိုင်ရာ ဖြစ်နိုင်ခြေအန္တရာယ်အလုံးစုံကို သိထားပါက တိကျသော အစီအစဉ်တစ်ရပ်အဖြစ် သင်၏နှလုံးကျန်းမာရေး တိုးတက်မှုရှိစေရန်အတွက် အားကောင်းစွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။
- ဤလုပ်ဆောင်မှု အစီအစဉ်ကို နှိုးဆော်ချက်တစ်ရပ်အနေဖြင့် သင်၏အိမ်တွင် ရှင်းလင်းစွာ မြင်သာသော နေရာတွင်ထားပါ။

အထက်တွင်ဖော်ပြထားသော အိမ်တွင်းလုပ်ဆောင်ရမည့် အဆင့်များကို လုပ်ဆောင်ခြင်းအားဖြင့် သင်နှင့်သင့်မိသားစုသည် ကမ္ဘာကြီးထဲတွင် ဘယ်နေရာတွင် နေထိုင်နေသည်ဖြစ်စေ ထိုနှလုံးသွေးကြောဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချလာနိုင်မည်သာမကဘဲ အခြားကျန်းမာရေးဆိုင်ရာ ပြဿနာများကိုပါ လျှော့ချလာနိုင်လာမည်ဖြစ်သည်။ သို့ပါသော်လည်း နှလုံးသွေးကြောရောဂါကို ရာနှုန်းပြည့်ကာကွယ်နိုင်မည် မဟုတ်ပါ။ သို့ဖြစ်၍ အိမ်တွင် ရုတ်တရက် နှလုံးသွေးကြောပိတ်ခြင်းနှင့် ဦးနှောက်လေဖြတ်ခြင်းတို့ဖြစ်ပေါ်ပါက လုပ်ဆောင်သင့်သော အရာများကို သိရှိရန် အရေးကြီးပေသည်။

အရေးပေါ်နှလုံးနှင့် အသက်ရှူလမ်းကြောင်းရောဂါ ဖြစ်ပွားမှုများ၏ ၇၀ ရာခိုင်နှုန်းကျော်သည် နေအိမ်တွင် စတင်ဖြစ်ပွားလေ့ရှိပြီး ထိုသို့ဖြစ်ပွားသည့်အခါ မိသားစုဝင်တစ်ဦးမှ ထိုအခြေအနေနှင့် ရင်ဆိုင်နေရသူအား အကူအညီထောက်ပံ့ရန် လိုအပ်ပါသည်။

သို့ပါ၍လေဖြတ်ခြင်းနှင့် နှလုံးရောဂါ၏ သင်္ကေတများနှင့် လက္ခဏာများကို မိသားစုဝင်တိုင်း သိရှိထားမှသာ အချိန်မီ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့အကူအညီကို ချက်ချင်း ရရှိရန် ကြိုးပမ်းနိုင်မည် ဖြစ်ပါသည်။

**“နှလုံးသွေးကြောရောဂါ၏ လက္ခဏာများ”**

- ရင်ဘတ်၏ အလယ်ကောင်တွင် နာကျင်ခြင်း(သို့) ဖျစ်ညှစ်ဆုပ်ကိုင်ထားသကဲ့သို့ ခံစားရခြင်းများ အပါအဝင် ရင်ဘတ်မသက်မသာဖြစ်နေခြင်း။
- လက်နှစ်ဖက်၊ ကျော၊ လည်ပင်း၊ မေးရိုး (သို့) ဝမ်းဗိုက်ပိုင်းအပါအဝင် ခန္ဓာကိုယ်အထက်ပိုင်းရှိ အခြားသောနေရာများတွင်နာကျင်မှု၊ မသက်မသာဖြစ်မှုများ ပျံ့နှံ့ဖြစ်ပေါ်နေခြင်း။
- ရင်ဘတ်မသက်မသာဖြစ်ခြင်းကြောင့် အသက်ရှူဟိုက်ခြင်း၊ ထိုသို့မဖြစ်သော်လည်း အသက်ရှူဟိုက်ခြင်း။
- အခြားသောလက္ခဏာများမှာ မရှင်းလင်း၊ မရေရာသော အားနည်းမှု (သို့) ပင်ပန်းနွမ်းနယ်မှု၊ သောကရောက်မှု(သို့) ပုံမှန်မဟုတ်သော ကြောက်ရွံ့ထိတ်လန့်မှုနှင့် အစာမကြေရောဂါ၊ ချွေးစေးထွက်ခြင်း၊ ဇောချွေးပြန်ခြင်း၊ ပျို့ချင်အန်ချင်စိတ်ဖြစ်ခြင်း၊ အန်ခြင်း၊ ရီတီတီဖြစ်ခြင်းနှင့်မိုက်ခနဲဖြစ်ခြင်း။

**‘ရုတ်တရက်လေဖြတ်ခြင်း၏ လက္ခဏာများ’**

- များသောအားဖြင့် ခန္ဓာကိုယ်တစ်ခြမ်း၊ ခြေထောက်နှင့် လက်များ၊ မျက်နှာတွင် ရုတ်တရက် အားနည်းမှု ဖြစ်ပေါ်ခြင်း။
- ရုတ်တရက် စကားပြောခက်ခဲခြင်း(သို့) နားလည်မှု ကမောက်ကမဖြစ်လာခြင်း၊
- ရုတ်တရက် မျက်စိတစ်ဖက် (သို့) နှစ်ဖက်စလုံး အမြင်အာရုံ ချို့ယွင်းလာခြင်း။
- ရုတ်တရက် လမ်းလျှောက်ရခက်လာခြင်း၊ မူးနောက်လာခြင်း၊ ဟန်ချက်မထိန်းနိုင်ခြင်း၊ လှုပ်ရှားမှု အသီးသီးတွင် ဟန်ချက်ညီအောင် ကောင်းစွာ ထိန်းချုပ်နိုင်မှု မရှိခြင်း။
- အကြောင်းမဲ့ ရုတ်တရက် ခေါင်းကိုက်လာခြင်း။
- အကယ်၍ ထိုကဲ့သို့ဖြစ်ပေါ်လာခြင်းကို တွေ့ရှိပါက အရေးပေါ် ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများ၊ အရေးပေါ် လူနာတင်ယာဉ်ကိုချက်ချင်းခေါ်ယူပါ။ အကယ်၍ အရေးပေါ် ဆက်သွယ်မှု ဖုန်းနံပါတ်မရှိပါက ဖြစ်နိုင်သမျှ အမြန်ဆုံး အထူးဆေးဝါးကုသစောင့်ရှောက်မှုရရန် ကြိုးပမ်းဆောင်ရွက်ပါ။

ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကမ္ဘာနှင့်အဝန်း ကျင်းပမည်ဖြစ်ပါသည်။ထိုကဲ့သို့ကျင်းပရာတွင် ကမ္ဘာ့နှလုံးအဖွဲ့ချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းတို့က စည်းရုံးလုပ်ဆောင်ပြီး လူထုဟောပြောပွဲများပြုလုပ်ခြင်း၊ ရုပ်ရှင်ပြသခြင်း၊ ရုပ်မြင်သံကြားစီစဉ်တင်ပြခြင်း၊ လမ်းလျှောက်ပြိုင်ပွဲများ၊ အပြေးပြိုင်ပွဲများ၊ ကပွဲများ၊ အားကစားပြိုင်ပွဲများ၊ အပါအဝင် တခြားလှုပ်ရှားဆောင်ရွက်မှုများကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ။

## ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲနှင့် သင်ထောက်ကူပြိုင်ပွဲ ဆုရသူများကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၇**

**(ယမန်နေ့မှအဆက်)**

ပညာရေးကောလိပ်အဆင့် **သင်ထောက်ကူကားချပ်** ပြိုင်ပွဲတွင် ပထမဆုကို မကွေးပညာရေးကောလိပ် မြန်မာစာသင်ပြနည်းဌာနမှ လက်ထောက်ကထိက ဦးကြည်တင်က လည်းကောင်း၊ ဒုတိယဆုကို တောင်ငူပညာရေးကောလိပ် အင်္ဂလိပ်စာသင်ပြနည်းဌာနမှ နည်းပြ ဒေါ်ဝင်းယုအေးက လည်းကောင်း၊ တတိယဆုကို မိတ္ထီလာပညာရေးကောလိပ် မြန်မာစာသင်ပြနည်းဌာနမှ လက်ထောက်ကထိက ဒေါ်ခင်မာအေးက လည်းကောင်း ရရှိသည်။

ပညာရေးကောလိပ်အဆင့် **သင်ထောက်ကူသေတ္တာပြိုင်ပွဲတွင်** ပထမဆုကို မိတ္ထီလာပညာရေးကောလိပ် သိပ္ပံသင်ပြနည်းဌာနမှ လက်ထောက်ကထိက ဦးရန်အောင်က လည်းကောင်း၊ ဒုတိယဆုကို သဃ်န်းကျွန်းပညာရေးကောလိပ် သင်္ချာသင်ပြနည်းဌာနမှ လက်ထောက်ကထိက ဒေါ်အေးအေးသန်းက လည်းကောင်း၊ တတိယဆုကို ထားဝယ်ပညာရေးကောလိပ် သင်္ချာသင်ပြနည်းဌာနမှ လက်ထောက်ကထိက ဒေါ်ညိုညိုလွင်က လည်းကောင်း ရရှိသည်။

ပညာရေးကောလိပ်အဆင့် **သင်ထောက်ကူမှုပုံပြိုင်ပွဲတွင်** ပထမဆုကို မိတ္ထီလာပညာရေးကောလိပ် ပထဝီဝင် သင်ပြနည်းဌာနမှ လက်ထောက်ကထိက ဒေါ်ခင်ပိုက လည်းကောင်း၊ ဒုတိယဆုကို ပြည်ပညာရေးကောလိပ် ပထဝီဝင်သင်ပြနည်းဌာနမှ လက်ထောက်ကထိက ဦးဝင်းဗိုလ်က လည်းကောင်း၊ တတိယဆုကို မန္တလေးပညာရေးကောလိပ် ပထဝီဝင်သင်ပြနည်းဌာနမှ လက်ထောက်ကထိက ဒေါ်လွင်လွင်စန်းက လည်းကောင်း ရရှိသည်။

ဆောင်းပါးဆုရရှိသူများနှင့် သင်ထောက်ကူဆုရရှိသူများသည် မိမိတို့အစီအစဉ်ဖြင့်လည်းကောင်း၊ စာစီစာကုံးနှင့် ကဗျာဆုရကျောင်းသား၊ ကျောင်းသူများသည် အုပ်ထိန်းသူ ဆရာ၊ ဆရာမတစ်ဦးဦးဖြင့် လည်းကောင်း၊ အောက်တိုဘာ ၁ ရက်(စနေနေ့)ညနေထက်နောက်မကျစေဘဲ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဖုန်း-၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင်မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သိရှိရသည်။(သတင်းစဉ်)

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တောင်ငူမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရွှေလေးအင်းကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခြင်း၊ အဝတ်အထည်၊ ထောက်ပံ့ပစ္စည်းများနှင့် ကျေးရွာအတွက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သော ကျန်းမာရေး အသိပညာများနှင့် ရေဘေးသင့်ဒေသများတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကို အသင်းအဖွဲ့ဝင် ဆရာဝန်များက ပညာပေးဟောပြောကြပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်သော ပြည်သူများအား ကြည့်ရှုကုသပေးကြကာ ညွှန်းပို့ရန် လိုအပ်သော လူနာများအား တောင်ငူပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့ခဲ့သည်။

အလားတူ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ်းနီကျေးရွာအုပ်စုသို့ ဆက်လက်သွားရောက်ကာ ကျန်းမာရေးပညာပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ (သတင်းစဉ်)



**စက်တင်ဘာ ၂၅ ရက်က သမိုင်းမြို့မကျောင်း (အထက-၁ မရမ်းကုန်း) ကျောင်းသား၊ ကျောင်းသူဟောင်းများက စုပေါင်း၍ (၂၂)ကြိမ်မြောက် စန္ဒီမာဆုချီးမြှင့်ပွဲကို အမက(၂)ဆရာကျော်ခန်းမ၌ ကျင်းပရာ နာယက ဦးမြင့်ဆွေ (ဓေတ္တရာမြင့်ဆွေ) စန္ဒီမာပညာရည်ချွန်ဆုရ မနှင်းအိခိုင်အား ဆုချီးမြှင့်စဉ်။**

(ကြေးမုံ)

**ကျိုင်းတုံမြို့ အဆင့်မီ ကိုယ့်အားကိုယ်ကိုး(ကျိုင်းငမ်း) မူလတန်းကြိုကျောင်း၌ ဩဂုတ် ၂၆ ရက်က ကျောင်းသူ ဖူးဖူး၏ (၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ရင်သွေးငယ်လေးများအား အာဟာရတိုက်ကျွေးမှုအစီအစဉ် ကျင်းပစဉ်။**

(ကြေးမုံ)



# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားများ ဝင်ငွေပိုမိုရရှိစေရေး နည်းလမ်းမျိုးစုံနှင့် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ပေးနေ

နေပြည်တော် စက်တင်ဘာ ၂၇

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၉)ဦးတို့ တက်ရောက်ကြသည်။**

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း(၇)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်း၊ အဆိုအသစ်(၁)ခုတင်သွင်းခြင်း၊ အဆိုအသစ်(၁)ခု မှတ်တမ်းတင်ခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၏ မြောက်ဘက်(၂၅)မိုင်ခန့်အကွာရှိ ရွှေသဘာဝဓာတ်ငွေ့တွင်းများမှ ဓာတ်ငွေ့များကို မြို့၏အနောက်တောင်ဘက်(၆)မိုင်ခန့်အကွာရှိ မလကျွန်းကျေးရွာအနီး၌ တည်ဆောက်နေသည့် စက်ရုံတွင်သန့်စင်ပြီး တရုတ်ပြည်သို့တင်ပို့မည်ဟုသိရပါသဖြင့် မလကျွန်းကျေးရွာအနီး စက်ရုံများမှသန့်စင်ပြီး သဘာဝဓာတ်ငွေ့ တစ်စုံတစ်ရာကိုအသုံးပြု၍ ကျောက်ဖြူမြို့အတွက် လျှပ်စစ်ဓာတ်အားပေးမည့်လုပ်ငန်းကို ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းများမှ ကျောက်ဖြူမြို့အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ရွှေစီမံကိန်းကမ်းလွန်လုပ်ကွက်များမှထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့များကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှ(၆ ဒသမ ၄)မိုင်ခန့်အကွာရှိ မလကျွန်းကျေးရွာအနီး သဘာဝဓာတ်ငွေ့ လက်ခံစခန်းတွင် လက်ခံသန့်စင်၍ မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွင်းသို့ ပို့လွှတ်သွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင်မှ နောက်ထပ်စီမံကိန်းတစ်ခုအတွက် စာချုပ်ကိုဆန့်ကျင်၍ ဓာတ်ငွေ့အသုံးပြုရန်မဖြစ်နိုင်ပါကြောင်း၊ သို့သော် ရခိုင်ကမ်းလွန်ဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့တွေ့ရှိရန် အလားအလာကောင်းများ ရှိနေပါကြောင်း၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ၏ ကနဦးမတည်ရင်းနှီးစရိတ်သည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ကနဦးမတည်ရင်းနှီးစရိတ်ထက် သက်သာသော်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် လောင်စာဓာတ်ငွေ့အသုံးပြုသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်သည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်မှုထက် အလွန်များပြားပါကြောင်း၊ ထို့ကြောင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် အလားအလာရှိသောဒေသများတွင် အများအားဖြင့် ရေအားလျှပ်စစ်စက်ရုံများကိုသာ တည်ဆောက်လေ့ရှိပါကြောင်း။

ယခုအခါ ရခိုင်ပြည်နယ်အတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝအသုံးပြုနိုင်စေရေးအတွက် သူဌေးချောင်း၊ အမ်း၊ လေးမြို့နှင့် စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းတို့ကိုဆောင်ရွက်ရန် စီမံကိန်းများ ချမှတ်ထားပြီးဖြစ်သည်ကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှတစ်ဆင့် သိရပါကြောင်း၊ ထို့ပြင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်စီမံနေသည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့်ဆက်စပ်၍ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများတည်ဆောက်ကာ ဓာတ်အားကွန်ရက်(၁)ခုတည်ဆောက်ရန် စီမံကိန်းများချမှတ်ဆောင်ရွက်နေသည်ကို သိရပါကြောင်း။

**ရခိုင်ပြည်နယ်အတွင်း စီမံဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက ယင်းစီမံကိန်းများမှထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားသည် ရခိုင်ပြည်နယ်အတွင်း အပြည့်အဝ အသုံးပြုနိုင်သည်သာမက နိုင်ငံတော်ဓာတ်အားစနစ်သို့ပါ ပို့လွှတ်ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်ကို သိရှိရပါကြောင်း၊ သို့ဖြစ်၍ လောလောဆယ် ရွှေစီမံကိန်းမှသဘာဝဓာတ်ငွေ့ကို ကျောက်ဖြူမြို့တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြောင်းလဲသုံးစွဲရန်မဖြစ်နိုင်သေးပါကြောင်း၊ နောင်တွင် ရခိုင်ကမ်းလွန်ဒေသမှသဘာဝဓာတ်ငွေ့များ ထပ်မံတွေ့ရှိထုတ်လုပ်နိုင်သည့်အချိန်တွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်လိုအပ်သည့်အခြေအနေရှိသေးပါက ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၆)ခုကိုမေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း၏ **ဒေးဒရဲမြို့နယ် ဘုရားလေးကွင်းကျေးရွာနှင့် ကျိုက်လတ်မြို့သို့ ဆက်သွယ်သည့် မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးမည်ဆိုပါက ဒေးဒရဲမှ ကျိုက်လတ်သို့ တစ်နာရီအတွင်းရောက်ရှိနိုင်သော အတိုဆုံးဆက်သွယ်ရေးကားလမ်းတစ်ခုဖြစ်ပါသဖြင့် ဒေးဒရဲ-ကျိုက်လတ် မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နှင့် ကျိုက်လတ်မြို့ဆက်သွယ်သော ဒေးဒရဲ-ကျိုက်လတ် ကားလမ်းသည် အရှည်(၁၁)မိုင်(၅)ဖာလုံရှိသော ရာသီမရွေးသွားလာနိုင်သော ကျောက်လမ်းအမျိုးအစားဖြစ်ပြီး မြို့နယ်ချင်းဆက်လမ်းတစ်လမ်းသာ ဖြစ်ပါကြောင်း၊ ဒေးဒရဲမြို့မှ (၁၁)မိုင် (၅)မိုင်ဖာလုံအကွာ ဘုရားလေးကွင်းကျေးရွာတွင် ကျိုက်လတ်မြစ်ရှိပြီး မြစ်တစ်ဖက်ကမ်းတွင် ကျိုက်လတ်မြို့တည်ရှိပါကြောင်း၊ ကျိုက်လတ်မြစ်အကျယ်မှာ ပေ(၁၀၀၀)ခန့်ရှိပါကြောင်း၊ ဒေးဒရဲနှင့် ကျိုက်လတ်မြို့တို့သည် ကားလမ်းတိုက်ရိုက်ပေါက်သောမြို့များဖြစ်ပြီး ကားလမ်းများကောင်းမွန်အောင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းလျက်ရှိပါကြောင်း။

ဒေးဒရဲမြို့မှ ကျိုက်လတ်မြို့သို့ ကားဖြင့်တိုက်ရိုက်သွားလိုပါက ဒေးဒရဲ-ဖျာပုံ-ကျိုက်လတ်ကားလမ်းမှ သွားရောက်နိုင်ခြင်း၊ ဒေးဒရဲမြို့မှ (၁၁)မိုင် (၅)ဖာလုံအကွာ ဘုရားလေးကွင်းရွာမှ စက်လှေဖြင့်ကူးပါက ကျိုက်လတ်မြို့သို့ အချိန်တိုအတွင်းရောက်ရှိနိုင်ခြင်း စသည့် အဆင်ပြေမှုများရရှိပြီးဖြစ်ပါကြောင်း၊ ကျိုက်လတ်မြစ်ကူးတံတားဆောက်လုပ်မည်ဆိုပါက မြစ်အကျယ်ပေ(၁၀၀၀)ဆိုသော်လည်း သုံးထပ်သင်္ဘောများတံတားအောက်မှဖြတ်နိုင်ရန်အတွက် ရေလမ်းကင်းလွတ်အမြင့်ပေ(၄၀)ခန့် ထားရမည်ဖြစ်ပါကြောင်း၊ တံတားအရှည်ကို ပေ(၃၀၀၀)အထက်တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိလည်း သွားလာရေးအဆင်ပြေနေသည့်အတွက် ကျိုက်လတ်မြစ်ကူးတံတားတည်ဆောက်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း၏ **ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံ-ဘိုကလေး (၁၉)မိုင် (၂)ဖာလုံ ကားလမ်းပိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သော ဘိုကလေးမြို့မှ နေရာအနှံ့ဆက်သွယ်သွားလာနိုင်သည့် တစ်ခုတည်းသော ကုန်းလမ်းထွက်ပေါက်ဖြစ်ပြီး နောင်ဆက်သွယ်မည့် လမ်းကွန်ရက်တွင်လည်း အဓိကလမ်းမကြီးအဖြစ် အသုံးပြုမည့် လမ်းမကြီးဖြစ်သည့်အပြင် အမာမြို့နယ်ခွဲ၊ စက်ဆန်း၊ ကဒုံကနိ စသည့် ပင်လယ်ပိုင်းဒေသများနှင့် ဆက်သွယ်သွားလာနိုင်မည့်လမ်းမကြီးဖြစ်ပါကြောင်း၊ ဖျာပုံ-ဘိုကလေးကားလမ်းတွင် ဖျာပုံမြို့မှ(၄)မိုင် (၂)ဖာလုံအထိနှင့် မိုင်တိုင်(၁၃/၅)မှ ဘိုကလေးမြို့အထိ ကတ္တရာလမ်း ဆောင်ရွက်ပြီးဖြစ်သဖြင့် ကျန်သည့်(၉)မိုင်(၃)ဖာလုံအား ကတ္တရာလမ်းခင်းပေးမည့်အခြေအနေကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဘိုကလေး-ဖျာပုံကားလမ်း၏ ၃၁-၅-၂၀၁၁ ရက်အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၉)မိုင် (၇)ဖာလုံ၊ ကျောက်လမ်း (၉)မိုင်(၃)ဖာလုံ စုစုပေါင်း (၁၉)မိုင် (၂)ဖာလုံ ဖြစ်ပါကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးကာလအတွင်းတွင် ယာဉ်များ သွားလာမှုများပြားခြင်းကြောင့် လမ်းပျက်စီးမှုများခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် လမ်း၊ တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ကျောက်လမ်းမှကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ခြင်း (၄)ဖာလုံ၊ ပေ(၄၀) အကျယ်မြေသားတာပေါင်တင်ခြင်း(၅)မိုင်၊ ကျုံကူးတံတားပေ(၁၈၀)၊ ကုလားကြီးချောင်း တံတားပေ(၁၂၀)သံကူကွန်ကရစ်တံတား အသစ်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

**၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနှင့် ကျောက်လမ်းမှကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ခြင်း (၂)မိုင် (၅)ဖာလုံ၊ မူလကျောက်လမ်းပျက်နေသည့် အပိုင်းတွင် (၄)လက်မထု ကျောက်တင်ခင်းကြိတ်ပြုပြင်ခြင်း(၁)မိုင်၊ ကိုးအိမ်တန်းတံတားပေ(၅၀)၊ တံတားအမှတ် (၁/၇)(၁၀)ပေ၊ နတ်ချောင်းတံတား ပေ(၃၀၀) အရှည်သစ်သားတံတားများ၏ကြမ်းခင်း၊ ဘီးလမ်း၊ ရက်မ၊ လက်ရန်းများ လဲလှယ်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကုန်တွင် ကတ္တရာလမ်းအဆင့်(၁၃)မိုင်ခန့် တိုးမြှင့်ဆောင်ရွက်ပြီးမည်ဖြစ်သည့်အတွက် ကျောက်လမ်းအဆင့်(၆)မိုင်(၂)ဖာလုံသာ ကျန်ရှိမည်ဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ဆက်လက်တင်ပြတောင်းခံ၍ လမ်း၊ တံတား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

အိမ်မဲမဲဆန္ဒနယ်မှ ဦးစောဂျိမ်း၏ **ဧရာဝတီတိုင်းဒေသကြီး အိမ်မဲ-ကျောင်းကုန်းချောင်းပေါ် ရှိ မြို့ဝင်တံတား(၁၂၅ × ၁၃ × ၂၁) ပေသည် ၁၉၇၅ ခုနှစ်က ဆောက်လုပ်ခဲ့သော သစ်သားတံတားဖြစ်ပြီး နှစ်ကာလကြာရှည်ပြီဖြစ်သဖြင့် တံတားမှာဟောင်းနွမ်းဆွေးမြည့်လျက် ခိုင်ခံ့မှုမရှိတော့ပါကြောင်း၊ သို့ဖြစ်၍ သံကူကွန်ကရစ်တံတားတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့သည် ယခင်က ရေလမ်းတစ်ခုတည်းကိုသာ အားပြုသွားလာနေရာမှ နိုင်ငံတော်အစိုးရက မြောင်းမြ-အိမ်မဲ-ကျောင်းကုန်းလမ်း၊ အိမ်မဲ-ဒါးကလမ်း၊ အိမ်မဲ-ပန်းတနော်လမ်းများကို ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေးလွန်စွာကောင်းမွန်နေပြီဖြစ်ပါကြောင်း၊ အဆိုပါလမ်းများပေါ်ရှိ တံတားများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ပေးခဲ့ရာ အိမ်မဲ-ပန်းတနော်လမ်းပေါ်တွင် သုံးခွချောင်းတံတားပေ(၂၇၀)၊ မြောင်းမြ-အိမ်မဲ-ကျောင်းကုန်းလမ်းပေါ်တွင် ကံကြီးတံတားပေ(၂၀၀)၊ မရမ်းငူတံတား ပေ(၂၀၀)နှင့် အိမ်မဲ-ဒါးကလမ်းပေါ်တွင် အိမ်မဲတံတား(၂၇၆)ပေတို့အား သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

**အိမ်မဲမြို့ မြို့ဝင်လမ်းပေါ်ရှိ ရေကျော်ချောင်းကိုဖြတ်၍ ဆောက်လုပ်ထားသော (၁၂၅)ပေအရှည် ချောင်းဝသစ်သားတံတားကို ၁၉၇၅ ခုနှစ်က စတင်ဆောက်လုပ်ခဲ့သည်ဟု သိရှိရပါကြောင်း၊ သစ်သားတံတားမှာ နှစ်ကာလကြာမြင့်သဖြင့် ဆွေးမြည့်နေသော သစ်သားရက်မ၊ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရန်းများ အစားထိုးလဲလှယ်ခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် သစ်သားတံတား၊ ဘေလီတံတားများအား သံကူကွန်ကရစ်တံတားအဖြစ် တိုးမြှင့်ခြင်းကို လိုအပ်သောရန်ပုံငွေများတောင်းခံ၍ နှစ်အလိုက်အဆင့်မြှင့်တင်သွားရန်စီမံချက်များထားရှိပါကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့အဝင် အရှည်(၁၂၅)ပေ ချောင်းဝသစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ်တိုးမြှင့်ဆောင်ရွက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **လွန်ခဲ့သောကာလများက ငပုတော-မြောင်းမြကားလမ်း စီမံကိန်းအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်နေသည်ကို တွေ့ရပြီး မြစ်ကူးတံတားစီမံကိန်းဆောင်ရွက်မည်ဟု ကြားသိရပါကြောင်း၊ ယခု ၎င်းကားလမ်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရပ်ဆိုင်းထားသည်ကို တွေ့ရပါကြောင်း၊ သို့ဖြစ်၍ ငပုတော-မြောင်းမြကားလမ်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြောင်းမြ-ငပုတောလမ်းကို ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနှင့် လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ပမ္မဝတီမြစ်အား မြစ်ကူးတံတားတည်ဆောက်ရန် လမ်းကြောင်းတိုင်းတာချက်အရ အကျယ်ပေ(၂၇၀၀)ဖြတ်သန်းတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်မည်ဆိုပါက ဖြတ်သန်းသောသင်္ဘောများ၏ ရေလမ်းကင်းလွတ်အမြင့်အပေါ်မူတည်၍ ပေ(၄၀၀၀)နှင့်အထက်တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပုသိမ်-ငပုတောလမ်း(၂၁)မိုင်အရှည်ကို လမ်းအဆင့်မြှင့်တင် တည်ဆောက်လျက်ရှိပါကြောင်း၊ ပုသိမ်-ငပုတောလမ်း၏ မိုင်တိုင်(၅/၀)မှ(၂၁/၀)အထိ (၁၆)မိုင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအပိုင်းဖြစ်ပါကြောင်း။

ပုသိမ်-ငပုတောလမ်းတည်ဆောက်ရေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပုသိမ်ခရိုင်အဖွဲ့၊ တံတားဆောက်လုပ်ရေးအထူးအဖွဲ့(၇)နှင့်(၁၂) အဖွဲ့(၂)ဖွဲ့တို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေနှင့် မူလအမာခံလမ်းမှ ကျောက်လမ်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်း (၆)မိုင်၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနှင့်အမာခံလမ်းမှ ကျောက်လမ်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်း (၁)မိုင် (၇)ဖာလုံ စုစုပေါင်း(၇)မိုင် (၇)ဖာလုံကို ဆောင်ရွက်ပြီးစီးမည်ဖြစ်သည့်အတွက် ယခုဘဏ္ဍာရေးနှစ်ကုန်တွင် ပုသိမ်-ငပုတောလမ်းကို ကျောက်ချောလမ်းအဆင့် ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်း၊ ပုသိမ်- ငပုတောလမ်းကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိရာတွင် မြစ်ကူးတံတားကြီး(၂)စင်းဖြစ်သော ပေ(၇၀၀)ရှိသည့် ပေပင်မြစ်ကူးတံတား၊ ပေ(၁၈၂၀)ရှိသည့်သက္ကယ်ချောင်းတံတားနှင့်တံတားငယ်(၃)စင်းဖြစ်သော (၄၅)ပေရှိသည့် စလူချောင်းတံတား၊ ပေ(၄၀)ရှိသည့်ဝဲကြီးချောင်းတံတားနှင့်(၇၅)ပေရှိသည့် ဖုံရေကျော်ချောင်းတံတားတို့ကို တည်ဆောက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

❖ စာမျက်နှာ ၆ မှ

ပုသိမ်-မြောင်းမြလမ်းသည် (၂၇)မိုင်(၃)ဖာလုံရှည်လျားပြီး ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသောလမ်းဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မိုင်တိုင်(၉/၅)မှ မြောင်းမြမြို့ မိုင်တိုင်(၂၇/၃)အထိ (၁၇)မိုင်(၆)ဖာလုံအား တာဝန်ယူထိန်းသိမ်းလျက်ရှိပါကြောင်း၊ ထို့ကြောင့် ငပုတောမြို့မှ မြောင်းမြမြို့သို့ သွားရောက်လိုပါက ပုသိမ်-ငပုတောလမ်းအတိုင်း ပုသိမ်မြို့သို့သွားပြီး ပုသိမ်မြို့မှတစ်ဆင့် မြောင်းမြမြို့သို့ ကားဖြင့်သွားရောက်နိုင်တော့မည် ဖြစ်ပါကြောင်း၊ ငပုတော-မြောင်းမြကားလမ်း အဆင့်မြှင့်တင်ခြင်းနှင့် ၎င်းလမ်းပေါ်ရှိ ပမ္မဝတီမြစ်ကူးတံတားကိုဆောင်ရွက်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင်၏ **မအူပင်-ရေလဲကလေး-ရွှေတောင်မော့်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း(၄၃)မိုင်(၅)ဖာလုံအား ကျောက်ခင်းလမ်းဖောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့လျက်ရှိပါကြောင်း၊အဆိုပါကျောက်ခင်းလမ်းအား ရာသီမရွေးသွားလာနိုင်သည့်လမ်းအဆင့်သို့ပြုလုပ်ပေးမည့်အစီအစဉ်အား သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မအူပင်-ရေလဲကလေး-ရွှေတောင်မော့်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နှင့် မော်လမြိုင်ကျွန်းမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းဝင် လမ်းအမှတ်(၁)ဖြစ်ပါကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက် လမ်း၊ တံတားများ တိုးတက်ပြုပြင်တည်ဆောက်ခဲ့ရာ ကျွန်းထိပ်-ရုံးဒေါင့်-တောင်ဘို့ကြီးလမ်းပိုင်း(၇)မိုင် အပါအဝင် လမ်းမိုင်အရှည်(၅၁)မိုင်(၆)ဖာလုံကို လမ်းဖောက်လုပ်ပြီးဖြစ်ပါကြောင်း၊ မအူပင်-ရေလဲကလေး- ရွှေတောင်မော့်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းပေါ်တွင် ရာဇူဒိုင်အမှတ်(၁)နှင့် အမှတ်(၂)တံတားများကို တည်ဆောက်ဖွင့်လှစ် ပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မော်လမြိုင်ကျွန်းမြို့သို့ ယာဉ်များတိုက်ရိုက်သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါတံတား (၂)စင်းအပြင် ပေ(၁၀၀)အောက် သစ်သားတံတားများကို သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်လျက်ရှိပါကြောင်း။

**လမ်းအဆင့်တိုးမြှင့်တည်ဆောက်ရန် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)နှင့် လမ်း၊ တံတားတည်ဆောက်ရေးတိုင်းရင်းသားကုမ္ပဏီအဖွဲ့ဖြစ်သည့် ရန်ကုန်ကရောင်းကုမ္ပဏီ (၁)ဖွဲ့တို့ဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းရန်ပုံငွေနှင့် (၁၂)ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း (၃)မိုင်၊ အမာခံလမ်းခင်းခြင်း(၁)မိုင်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ်ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နှင့်ဆောင်ရွက်နိုင်ရန် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေများ တင်ပြတောင်းခံပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **တိုးလ်ဂိတ်များ ဖွင့်လှစ်ခြင်းစည်းမျဉ်းအရ မိုင်(၄၀) အကွာအဝေးတွင် ဂိတ်တစ်ခုသာရှိရမည်ဟုသိရပါကြောင်း၊ နောင်ချိုနှင့် ပြင်ဦးလွင်သည် မိုင်(၃၀)သာကွာဝေးသော်လည်း တိုးလ်ဂိတ်နှစ်ခုရှိနေပြီး နေ့စဉ်သွားလာနေသူများအတွက် နစ်နာလျက်ရှိပါသောကြောင့် ဂိတ်နှစ်ခုရှိသည့်အနက်မှ တစ်ခုကို ဖျက်သိမ်းပေးရန်အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြို့ကြီးများ တစ်မြို့နှင့်တစ်မြို့ အကွာအဝေး အနီးအဝေးအရလည်းကောင်း၊ အဝင်အထွက်လမ်းများ၏ ဝင်ရောက်ဆက်သွယ်မှုအနေအထားအရလည်းကောင်း၊ အုပ်ချုပ်မှုနှင့် လမ်းတည်ဆောက်ထိန်းသိမ်းရေးဆောင်ရွက်ရန် စီမံကွပ်ကဲရေးလွယ်ကူမှု အနေအထားအရလည်းကောင်း တစ်ဂိတ်နှင့်တစ်ဂိတ် အကွာအဝေးမိုင် အချိုးညီ တည်ဆောက်ထားခြင်းမျိုးမဟုတ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီသည် တစ်ခုတည်းဖြစ်သည့်အတွက် အနီးအဝေးသတ်မှတ်ချက်မထားဘဲ လုပ်ငန်းဆောင်ရွက်ရန် အဆင်ပြေမည့်နှစ်ရှည်ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂိတ်များသည် လမ်းအသုံးပြုခကောက်ခံရေးတစ်ခုတည်းအတွက် တည်ဆောက်ထားခြင်းမဟုတ်ပါကြောင်း၊ လမ်းအသုံးပြုခကောက်ခံရေးစခန်းတစ်ခုသည် အုပ်ချုပ်ရေးရုံးများ၊ စက်ယာဉ်ယန္တရားများ၊ အင်ဂျင်နီယာနှင့်အုပ်ချုပ်ရေးငွေစာရင်းဝန်ထမ်းများ၊ လမ်းပြင်ဆင်ထိန်းသိမ်းရေးနှင့် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်စီမံချက်များ အကောင်အထည်ဖော်ရန်လည်းကောင်း၊ အရေးပေါ်လုပ်ငန်းများဆောင်ရွက်ရန် ချက်ချင်းစုဝေးနိုင်ရန်အတွက်လည်းကောင်း စုရပ်ဌာနများ၊ လမ်းစခန်းများအဖြစ် လုပ်ငန်းဆောင်ရွက်နေသည့်နေရာများဖြစ်ပါကြောင်း။

**အထူးသဖြင့် ဘန့်ဘွေးဂိတ်နှင့် ပြင်ဦးလွင်ဂိတ် နီးကပ်ရခြင်းမှာ ယခင် ပြင်ဦးလွင်ဂိတ်ကို ပြင်ဦးလွင်မြို့အဝင် မိုင်တိုင်(၃၉/၁)တွင် တည်ဆောက်ရန် လျာထားခဲ့သော်လည်း တိုးလ်ဂိတ်တည်ဆောက်ရန်နေရာအနေအထား လုံလောက်မှုမရှိခြင်း၊ ညာဘက်ခြမ်းတွင် ပွေးတောင်ကော်ဖီခြံနှင့် ဘယ်ဘက်ခြမ်းတွင် လူနေအိမ်များရှိနေသည့်အတွက် ပြင်ဦးလွင်မြို့အထွက် မိုင်တိုင်(၄၇/၄)၌ တည်ဆောက်ရခြင်းကြောင့် မိုင်တိုင်(၆၀/၀)တွင်ရှိသည့် ဘန့်ဘွေးဂိတ်နှင့် (၁၂)မိုင်(၄)ဖာလုံ အကွာအဝေး နီးကပ်နေရခြင်းဖြစ်ပါကြောင်း၊ ဘီအိုတီစနစ်နှင့် သတ်မှတ်ကောက်ခံခွင့်ပြုထားသော နှုန်းထားအတိုင်း လမ်းအသုံးပြုခကောက်ခံလျက်ရှိသည့်အတွက် လုပ်ငန်းစတင်ဆောင်ရွက်ချိန်မှ ယနေ့အထိ (၁၀)နှစ်တာကာလအတွင်း လမ်းအသုံးပြုသူ ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများထံမှ တိုးလ်ဂိတ်နှင့် လမ်းအသုံးပြုခကောက်ခံနှုန်းအပေါ် မကျေနပ်သဖြင့် တိုင်ကြားစာများ ပေးပို့မှုမရှိခဲ့ပါကြောင်း၊ လမ်းကောင်းမွန်စွာသွားလာရသည့်အတွက် အဆင်ပြေကြောင်းသတင်းများသာ ရရှိခဲ့ပါကြောင်း။**

လက်ရှိ လမ်းအသုံးပြုခကောက်ခံရေးဂိတ်များသည် လုပ်ငန်းစတင်ဆောင်ရွက်ချိန်မှ ယနေ့အထိ မည်သည့်ပြဿနာတစ်စုံတစ်ရာမျှမပေါ်ခဲ့ခြင်း၊ လမ်းတိုးတက်ပြုပြင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ခဲ့ခြင်းတို့နှင့် လမ်းမိုင်အကွာအဝေးအရ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဂိတ်တစ်ဂိတ်လျှင် ပျမ်းမျှကျသင့်ငွေသာကောက်ခံပြီး ပိုမိုကောက်ခံမှုမရှိခြင်းတို့ကြောင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေတွင် ဂိတ်ဖျက်သိမ်းရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် စက်တင်ဘာ(၂၃)ရက်က တင်သွင်းခဲ့သော ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်၏ **သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားများအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု (Minimum Purchase Guarantee Price)ကို ဈေးကွက်စီးပွားရေး မူဘောင်အတွင်း ပြည်ထောင်စုအစိုးရ၏ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးနိုင်ရေး** အဆိုကို ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်၊ မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၊ မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးနှင့် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်တို့က နိုင်ငံတော်အစိုးရသစ်က တောင်သူလယ်သမားများအကျိုးအတွက် စိုက်ပျိုးစရိတ်များ၊ နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးနှင့်သင့်တင့်မျှတသော သီးနှံဈေးနှုန်းရရှိအောင်၊ နိုင်ငံခြားငွေဈေးနှုန်း တည်ငြိမ်အောင် အဘက်ဘက်မှ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးနေပြီ ဖြစ်သဖြင့် တောင်သူလယ်သမားအားလုံးက ဝမ်းသာအားရဖြစ်နေကြပါကြောင်း၊ သို့သော်လည်း တောင်သူလယ်သမားများ ပြန်လည်နာလန်ထူနိုင်အောင် စဉ်ဆက်မပြတ် ဆက်လက်ကူညီပံ့ပိုးနေရန်လိုသည်ဟု ထင်မြင်ယူဆမိပါကြောင်း၊ မည်သည့်သီးနှံပင်ဖြစ်စေကာမူ သင့်တင့်မျှတသောဈေးနှုန်းနှင့်ရောင်းချနိုင်ရေးသည် အရေးကြီးသောလိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း၊ အာမခံဈေးနှုန်းရှိခြင်းသည် စိုက်ပျိုးထုတ်လုပ်မှုကိုတိုးတက်မြင့်မားစေပြီး နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုပမာဏကိုလည်း မြှင့်တင်ရာရောက်သည်ကို သုံးသပ်ရရှိပါကြောင်းနှင့် ဦးတင်ထွတ်၏အဆိုသည် တောင်သူလယ်သမားများအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် အဆိုဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက စိုက်ပျိုးထုတ်လုပ်သူနှင့် ကုန်သည်လုပ်ငန်းရှင်များ၏ ဈေးကွက်၌ သီးနှံများ လွတ်လပ်စွာရောင်းဝယ်နေမှုကို နိုင်ငံတော်အစိုးရအနေဖြင့် ပံ့ပိုးအားပေးကူညီနေသည်ကိုတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုအပိုင်းတွင် အရေအတွက်ရော အရည်အသွေးပါမြှင့်တင်ကြိုးပမ်းရန်နှင့် ရောင်းချမှုအပိုင်းတွင် ဈေးကွက်ယှဉ်ပြိုင်ထိုးဖောက်နိုင်ရန်၊ ပုံမှန်ဈေးကွက်ဝေစုရရန်နှင့် ဈေးကောင်းရရေး မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်အဖြစ် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု၌ အဓိက လိုအပ်သောဆည်၊ တာတမံ၊ ရေတင်စီမံကိန်းများနှင့် ထွက်ကုန်သီးနှံများဈေးကွက်သို့ ပို့ဆောင်နိုင်မည့် လမ်း၊ တံတားအခြေခံအဆောက်အအုံများကို နှစ်ပေါင်း(၂၀)ကျော်အတွင်း အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးခဲ့သည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တည်ဆောက်ပေးခဲ့မှုကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍများအနက် မြန်မာ့လယ်ယာထွက်ကုန်သီးနှံများ ပြည်ပတင်ပို့မှုသည် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၁၇၅၆ ဒသမ ၃၉)သန်း တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဈေးကွက်ဝင်အရည်အသွေးကောင်းသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်ရေးနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားများ မြင့်မားတိုးတက်စေရေးအတွက် ထုတ်လုပ်သူတောင်သူလယ်သမား၊ ဒေသခံကုန်သည်၊ ပွဲစား၊ စက်ပိုင်နှင့် တင်ပို့ရောင်းချသူ ကုမ္ပဏီလုပ်ငန်းရှင်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး အစိုးရစွက်ဖက်ပါဝင်မှုအနည်းဆုံးဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်လည်းကိုက်ညီသော ဆန်စပါးအထူးပြုကုမ္ပဏီများ၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီများ ဖွဲ့စည်းအားပေးမြှင့်တင်မှုကို နိုင်ငံတော်က ၂၀၀၉ ခုနှစ်မှစ၍ စီမံကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း။

**အထူးပြုကုမ္ပဏီများအနေဖြင့် တောင်သူလယ်သမားများအတွက် ဈေးကွက်တွင်ဝယ်လိုအားရှိပြီး အရည်အသွေးကောင်းသောမျိုးများကို ထုတ်လုပ်ဖြန့်ဖြူးပံ့ပိုးခြင်း၊ ဓာတ်မြေဩဇာများဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးခြင်း၊ လယ်ယာသုံးကိရိယာများပံ့ပိုးခြင်းနှင့် နိုင်ငံခြားစံချိန်မီ ကြိတ်ခွဲသန့်စင်ချော တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်နိုင်သည့် စက်များတပ်ဆင်ကြိတ်ခွဲခြင်း၊ ပြည်တွင်းပြည်ပဈေးကွက် ချိတ်ဆက်ရောင်းဝယ်ပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်နေကြပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပြုကုမ္ပဏီများဖွဲ့စည်းစီမံဆောင်ရွက်ပေးခြင်းသည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရရန်အတွက် အခြေခံအကျဆုံး ကူညီစီမံပေးမှုပင် ဖြစ်ပါကြောင်း။**

**နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးတိုးတက်ရေးတို့အတွက် ကူညီပံ့ပိုးဆောင်ရွက်နေမှု လုပ်ငန်းများစွာရှိပြီး ယင်းလုပ်ငန်းများသည် အဆိုရှင် ဦးတင်ထွတ် တင်ပြသည့် သီးနှံဈေးကောင်းရရေးအတွက် နိုင်ငံတော်က ကူညီစီစဉ်ပေးမှုများပင် ဖြစ်ပါကြောင်း၊**



အိမ်မဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျိမ်း မေးမြန်းစဉ်။ (သတင်းစဉ်)



ကျောက်ဖြူ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် မေးမြန်းစဉ်။ (သတင်းစဉ်)

**ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားများ ဝင်ငွေပိုမိုရရှိစေရေး နည်းလမ်းမျိုးစုံနှင့် မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ဆောင်ရွက်ပေးနေပါကြောင်းနှင့် ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက်၊ အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ ကြီးကြပ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးတင်ထွတ်၏အဆိုကို လွှတ်တော်က သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင်၏ **မြန်မာဆိုသည့်စကားရပ်ကို တစ်မျိုးသားလုံး၏အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြင့်မားစေရန်အလို့ငှာ ရည်ရွယ်ဖော်ညွှန်းသည့် ရေးသားပြုစုပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံနှင့်တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်သော မြင့်မြတ်သည့်နေရာ၊ အသုံးအနှုန်းများတွင်သာ သုံးစွဲခွင့်ပြုရေးနှင့် အမှတ်တံဆိပ် အပါအဝင်အခြားမသင့်လျော်သောနေရာ၊ အသုံးအနှုန်းများတွင် သုံးစွဲခွင့်မပြုစေရေး ဥပဒေပြဋ္ဌာန်းပေးနိုင်ရေး** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို စက်တင်ဘာ(၂၈)ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်းတင်သွင်းကြရန်ဖြစ်ကြောင်း သိရသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက **အခြေခံဥပဒေသစ်နှင့်အညီ ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေးစနစ်တို့နှင့် လိုက်လျောညီထွေဖြစ်ပြီး အမျိုးသားစီးပွားရေးအထောက်အကူပြု အုပ်ချုပ်ရေးယန္တရားသစ် ဖော်ဆောင်နိုင်ရန် ကျွမ်းကျင်သည့်ပညာရှင်များဖြင့် ကော်မရှင်တစ်ရပ်ကို ဤပြည်သူ့လွှတ်တော်က ဖွဲ့စည်းဆောင်ရွက်စေသင့်ကြောင်း** အဆိုကို တင်သွင်းရန်ဖြစ်သော်လည်း လွှတ်တော်ဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်သဖြင့် အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုနိုင်ပါရန်နှင့် မှတ်တမ်းတင်ပေးနိုင်ပါရန်တင်ပြရာ လွှတ်တော်က ယင်းအဆိုကို မှတ်တမ်းတင်ပြီး ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍတွင် စက်တင်ဘာ(၂၁)ရက်က တင်သွင်းခဲ့ပြီး လွှတ်တော်၌ ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ထားသည့် **ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ စက်တင်ဘာ(၂၃)ရက်အထိ လွှတ်တော်ကိုယ်စားလှယ်များ ပေးပို့ထားသည့် ပြင်ဆင်ချက်များအပေါ် အခြေခံပြီး ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်ရာ ပြင်ဆင်ချက်အဆိုမရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အတည်ပြုပြီးဖြစ်သည်ဟု သတ်မှတ်ပြီး လွှတ်တော်သို့သီးခြားအဆိုတင်သွင်းခြင်း၊ သဘောတူညီချက်တောင်းခံခြင်းများ မပြုလုပ်တော့ဘဲ အတည်ပြုဆောင်ရွက်ခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်သည်။

အခန်း(၁)ခေါင်းစဉ်နှင့် အပိုဒ် ၁၊ ၂၊ အခန်း(၂)ခေါင်းစဉ်နှင့် အပိုဒ် ၃၊ ၄၊ အခန်း(၃)ခေါင်းစဉ်နှင့် အပိုဒ် ၅၊ ၆၊ ၇၊ အခန်း(၄)ခေါင်းစဉ်တို့သည် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက"အပိုဒ် ၈၊ အပိုဒ်ခွဲ(က) မူလပြဋ္ဌာန်းချက်ပါ **ပထမပုံမှန်ကျင်းပသော လွှတ်တော်ပုံမှန်** ဟူသော စကားရပ်အစား **ပထမပုံမှန်** ဟူသော စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်" ပြင်ချက်အဆိုကိုတင်သွင်းသည့်အတွက် လွှတ်တော်အခွင့်အရေးကော်မတီ၏ သဘောထားကိုမေးမြန်းရာ လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က ပိုမိုလျော်ကန်သင့်မြတ်သည့်အတွက် သဘောတူပါကြောင်းဖြင့် တင်ပြသည်။

ထို့ကြောင့် အပိုဒ် ၈၊ အပိုဒ်ခွဲ(က)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၈၊ အပိုဒ်ခွဲ(ခ)မှ အပိုဒ်ခွဲ(ဃ)အထိသည် ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်က"အပိုဒ် ၉၊ အပိုဒ်ခွဲ(င) မူလပြဋ္ဌာန်းချက်ပါ **အာဏာပိုင်** ဟူသောစကားရပ်နေရာတွင် **နိုင်ငံ့ဝန်ထမ်း** ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်"အဆို၊ ခန္တီး မဲဆန္ဒနယ်မှ ဦးလှထွန်းက"အပိုဒ် ၉၊ အပိုဒ်ခွဲ(င) မူလပြဋ္ဌာန်းချက်ပါ **အာဏာပိုင်** ဟူသောစကားရပ်အစား **အုပ်ချုပ်ရေးအဖွဲ့**ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်"အဆို၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း က"အပိုဒ် ၉၊ အပိုဒ်ခွဲ(င) မူလပြဋ္ဌာန်းချက်ပါ **လွှတ်တော်နယ်မြေ** ဟူသောစကားရပ်အစား **မဲဆန္ဒနယ်မြေ** ဟူသောစကားရပ်ဖြင့်လည်းကောင်း၊ **ပေါင်းစပ်ညှိနှိုင်းပေးခြင်း** ဟူသောစကားရပ်အစား **ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း** ဟူသောစကားရပ်ဖြင့်လည်းကောင်း အစားထိုး ပြင်ဆင်ရန်"အဆိုတို့ကို တင်သွင်းကြသည်။

ဦးဖေသန်း၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေးကော်မတီ၏ သဘောထားကိုမေးမြန်းရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က ပိုမိုလျော်ကန်သင့်မြတ်သည့်အတွက် သဘောတူပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အဆိုရှင်ဦးဖေသန်း၏ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဦးစိုင်းဘိုးအောင်နှင့် ဦးလှထွန်းတို့၏အဆိုများနှင့်စပ်လျဉ်း၍ လွှတ်တော် အခွင့်အရေးကော်မတီ၏ သဘောထားကိုမေးမြန်းရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က မူလပြဋ္ဌာန်းချက်အတိုင်း ထားသင့်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဦးစိုင်းဘိုးအောင်နှင့် အဆိုရှင် ဦးလှထွန်းတို့၏ ပြင်ဆင်ချက်အဆိုများနှင့် လွှတ်တော်အခွင့်အရေးကော်မတီ၏ သဘောထားအဆိုတို့နှင့် စပ်လျဉ်း၍ သီးခြားစီ မဲခွဲဆုံးဖြတ်ရာ လွှတ်တော်အခွင့်အရေးကော်မတီ၏ သဘောထားအဆိုက ထောက်ခံမဲအများဆုံးရရှိသည်။

သို့ဖြစ်၍ အပိုဒ် ၉၊ အပိုဒ်ခွဲ(င)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက"အပိုဒ် ၉၊ အပိုဒ်ခွဲ(စ) မူလပြဋ္ဌာန်းချက်ပါ **အတွေ့အကြုံ** ဟူသော စကားရပ်ရှေ့တွင် **လွှတ်တော်** ဟူသောစကားရပ် ဖြည့်စွက်ရန်" ပြင်ဆင်ချက်အဆိုကို တင်သွင်းသည့်အတွက် လွှတ်တော်အခွင့်အရေးကော်မတီ၏ သဘောထားကိုမေးမြန်းရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က လျော်ကန်သင့်မြတ်သည့်အတွက် သဘောတူပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၉၊ အပိုဒ်ခွဲ(စ)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၉၊ အပိုဒ်ခွဲ(ဆ)မှ အပိုဒ်(၁၂)၊ အပိုဒ်ခွဲ(စ)အထိ ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက"မူလပြဋ္ဌာန်းချက် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(စ) အောက်တွင် အပိုဒ်ခွဲ (ဆ)အဖြစ် **လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲများပြုလုပ်ရာ၌ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ထားသော ကူညီထောက်ပံ့ငွေကို ရယူခွင့်ရှိခြင်း** ဟူသော အပိုဒ်သစ်ထပ်မံဖြည့်စွက်ရန်" အဆိုကို တင်သွင်းသည့်အတွက် လွှတ်တော်အခွင့်အရေးကော်မတီ၏ သဘောထားကိုမေးမြန်းရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က လောလောဆယ်ထည့်သွင်းရန်မသင့်သေးပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဦးဖေသန်းက လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း တင်ပြသည့်အတွက် ဦးဖေသန်း၏ အဆိုနှင့် လွှတ်တော်အခွင့်အရေးကော်မတီ၏ သဘောထားအဆိုတို့နှင့် စပ်လျဉ်း၍ သီးခြားစီ မဲခွဲဆုံးဖြတ်ရာ ဦးဖေသန်း၏အဆိုက ကန့်ကွက်အရေအတွက်များသည့်အတွက် ဦးဖေသန်း၏ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်းနှင့် မူလပြဋ္ဌာန်းချက်အတိုင်းသာ အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ရွှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းက"မူလပြဋ္ဌာန်းချက် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(စ) အောက်တွင် အပိုဒ်ခွဲ (ဆ)အဖြစ် **လွှတ်တော်ကိုယ်စားလှယ်အား ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် ပြုမူဆောင်ရွက်ခြင်း၊ အများ၏ကြည်ညိုလေးစားမှုကိုပျက်ယွင်းစေရန် တမင်ကြံရွယ်ပြုလုပ်ခြင်းများအတွက် ပြုလုပ်သူအား တရားစွဲဆိုပိုင်ခွင့်** ဟူသော အပိုဒ်ခွဲတစ်ခု အသစ်ထပ်မံဖြည့်စွက်ရန်"အဆိုကို တင်သွင်းသည့်အတွက် လွှတ်တော်အခွင့်အရေးကော်မတီ၏ သဘောထားကိုမေးမြန်းရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က ထည့်သွင်းရန်မသင့်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဦးအောင်သိန်းက လွှတ်တော်အခွင့်အရေးကော်မတီ၏ ဖြေကြားချက်ကို လက်ခံပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၁၂၊ အပိုဒ်ခွဲများသည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အခန်း(၅)၊ အပိုဒ် ၁၃ မှ အခန်း(၉)၊ အပိုဒ် ၃၄ အထိ ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက"အပိုဒ် ၃၅၊ မူလပြဋ္ဌာန်းချက်ပါ **အနည်းဆုံး** ဟူသော စကားရပ်ကို ပယ်ဖျက်ရန်" အဆိုကိုတင်သွင်းရာ ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦးက တစ်နှစ်လျှင်(၃)ကြိမ် ခေါ်ယူကျင်းပရမည်ဟူသည့် ပြင်ဆင်ချက်အဆိုအစား ကိန်းဂဏန်းမပါဘဲ လိုအပ်သည့်အချိန်တွင်ခေါ်ယူ ကျင်းပရမည်ဟု ပြင်ဆင်ဖော်ပြသင့်ပါကြောင်းဖြင့် တင်ပြသည်။

ယင်းပြင်ဆင်ချက်ကို ဦးခင်မောင်ရွှေက သဘောတူပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေးကော်မတီ၏ သဘောထားကို မေးမြန်းရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က ပိုမိုသင့်တော်ပါကြောင်းဖြင့်တင်ပြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာမီနီဆလွန်း မော်တော်ယာဉ်များကို စီးရေ ၁၅၀၀ ခန့် ထုတ်လုပ်သွားမည်

## လိုအပ်သည့်စည်းကမ်းချက်များနှင့်အညီ စံချိန်စံညွှန်းမီဆေးဝါးများ ထုတ်လုပ်မည်ဆိုပါက အနောက်တိုင်းဆေးဝါးများ ထုတ်လုပ်ခွင့်ပေးမည်

နေပြည်တော် စက်တင်ဘာ ၂၇

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၀၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က **"ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်တို့အား ချိတ်ဆက်ပေး၍ မေယုတောင်ခြေ အရှေ့ဘက်ခြမ်း ဖွံ့ဖြိုးမှုကိုဖော်ဆောင်စေနိုင်မည့်(အငူမော်-စေတီပြင်-ဘူးသီးတောင်) လမ်းကြမ်းအား တစ်နှစ်ပတ်လုံး သွားလာနိုင်သည့် ကျောက်ချောလမ်းမှတစ်ဆင့် ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးမြန်းရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ပြည်ထောင်စု အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှုချောမွေ့ရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြလမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျာထားငွေမှာ ကျပ် (၉၂၂ ဒသမ ၉၂၁) သန်းနှင့် ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျာထားငွေမှာ ကျပ် (၄၂၂ ဒသမ ၈၂၁)သန်း ဖြစ်ပါကြောင်း။

အလားတူ ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကငွေကျပ်(၂၈ ဒသမ ၈၂)သန်းနှင့် ရသေ့တောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်(၈ ဒသမ ၇၇၅)သန်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အငူမော်-စေတီပြင်-ဘူးသီးတောင်လမ်းတွင် ရသေ့တောင်မြို့နယ်အပိုင်း (၂၂/၄)မိုင်နှင့် ဘူးသီးတောင်မြို့နယ်အပိုင်း(၁၈/၆)မိုင် ပါဝင်ပါကြောင်း။

အဆိုပါ လမ်းပေါ်တွင် ဌာနဆိုင်ရာ၊ ပြည်သူနှင့် UNHCR တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော ပေ(၁၀၀)အထက် တံတား(၇)စင်း၊ ပေ(၁၀၀)အောက်တံတား(၆၃)စင်း စုစုပေါင်း တံတားအစင်း(၇၀) ရှိပါကြောင်း၊ ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ရန်ပုံငွေကျပ်(၄၉ ဒသမ ၉၇)သန်းဖြင့် ကျောက်ချောလမ်းခင်းခြင်း၊ တကျက်ဘက်တံတား အကြီးစားပြင်ဆင်ခြင်းနှင့် တံတားအမှတ်(၁)အား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ထောက်ပံ့ရန်ပုံငွေကျပ်(၂၅)သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေကျပ်(၁၅ ဒသမ ၁)သန်း စုစုပေါင်းရန်ပုံငွေကျပ်(၄၀ ဒသမ ၁)သန်းဖြင့် အငူမော်-စေတီပြင်-ဘူးသီးတောင်လမ်းအား ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ပေးရန်လျာထားပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့ဆောင်ရွက်ပေးနိုင်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ တင်ပြပြီး ရန်ပုံငွေခွင့်ပြုဝင်ဆံ့မှုနှင့်အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့က ပြည်ထဲရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက တပေါင်းတည်း ပြန်လည်ဖြေကြားသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)



အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ၏ **"ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများအတွက် ယခင်ကဲ့သို့ သွားလာနေထိုင်ရေး အပါအဝင် လုပ်ငန်းကိစ္စများ အဆင်ပြေစေရန် သံတောင်ကြီးမြို့နယ်ရုံးကို ယခင်မူလ သံတောင်မြို့သို့ ပြန်ပြောင်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သံတောင်ကြီးမြို့နယ်သည် အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထက် ၁၉၀၀ ပြည့်နှစ်တွင် ကွမ်းပင်ရွာ (ယခုထုံးဘိုကြီးရွာ) မြောက်ဘက်တွင် ရုံးစိုက်ခဲ့ရာမှ စတင်ဖြစ်ပေါ်ခဲ့ပါကြောင်း၊ တစ်ဖန် မြို့အနေအထားအရ ဗဟိုကျရာဖြစ်သော လိပ်သို(ယခုမြို့နယ်ခွဲ)သို့ ၁၉၁၀ ခုနှစ်က လည်းကောင်း၊ နွေရာသီ အပန်းဖြေစခန်းဖြစ်သည့် သံတောင်ကြီးမြို့(လက်ရှိမြို့နယ်ရုံးစိုက်ရာနေရာ)ကို ၁၉၃၅ ခုနှစ်တွင် လည်းကောင်း ပြောင်းရွှေ့ရုံးစိုက်ခဲ့ပါကြောင်း၊ ၁၉၅၉ ခုနှစ်တွင် လုံခြုံရေးအခက်အခဲကြောင့် သံတောင်ကြီးနှင့် (၁၅)မိုင်ကွာ သံတောင်မြို့သစ်သို့ ပြောင်းရွှေ့ရုံးစိုက်ခဲ့ပါကြောင်း၊ ၂၀၀၂ ခုနှစ်တွင် လုံခြုံရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ကျေးရွာအုပ်စုမှ မြို့နယ်ခွဲအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် မြို့နယ်ခွဲအဆင့်မှ မြို့နယ်အဆင့်သို့လည်းကောင်း တိုးမြှင့်ဖွဲ့စည်းခဲ့ကာ သံတောင်ကြီးမြို့နယ်၏ အရှေ့မြောက်နှင့် အရှေ့ဘက်ရှိဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နယ်မြေဒေသ လိုအပ်ချက်အရ ၁-၁-၂၀၀၇ ရက်နေ့မှစတင်၍ သံတောင်ကြီးမြို့တွင် ရုံးများဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ယခုအခါ သံတောင်ကြီးမြို့နှင့် လိပ်သိုမြို့လမ်းကို မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုနိုင်သည့် လမ်းအဖြစ် အဆင့်မြှင့်ရန်စီစဉ်ထားပြီး သံတောင်သစ်-သံတောင်ကြီးလမ်း အရှည်(၁၅)မိုင်ကိုလည်း ကတ္တရာခင်း(၂)လမ်းသွား ဒွေးလမ်းအဖြစ် ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

**သံတောင်ကြီးမြို့သည် တောင်ပေါ်မြို့ဖြစ်သော်လည်း မြို့ပြဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးစီမံချက်ဖြင့် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး အပါအဝင် မြို့နယ်အင်္ဂါရပ်နှင့်ညီအောင် အဆင့်မြှင့်တင်ပေးထားပြီး (၂၄)နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် ရေရရှိရေးတို့ကို အခြေတည် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ မြို့ကွက်အတွင်း ဌာနဆိုင်ရာရုံးအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မြေနေရာများချထားပေးကာ ဆောက်လုပ်လျက်ရှိပါကြောင်းနှင့် သံတောင်ကြီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ရုံးများ၏ ရုံးစိုက်နေရာကို မူလသံတောင်ကြီးမြို့သို့ ပြောင်းရွှေ့ထားရှိခြင်း ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွန်း၏ **"မြစ်ချောင်းများ ရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် ပေါ်ထွန်းလာသည့် သောင်နုမြေများအား ဝေငှသည့်အခါ အမှန်တကယ် လုပ်ကိုင်မည့် တောင်သူလယ်သမားများ ရရှိစေရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မြေနုကျွန်းဆိုသည်မှာ ခိုင်မြဲမှုမရှိသောမြေဖြစ်ပါကြောင်း၊ မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းပြောင်းလဲမှုကြောင့် မြေသားပြောင်းလဲဖြစ်ပေါ်လာသည့် မြေများဖြစ်ကြောင်း ၁၉၆၃ ခုနှစ် သီးစားချထားရေးနည်းဥပဒေ ၁၆(၁)တွင် ပြဋ္ဌာန်းထားရှိပါကြောင်း၊ မြေနုကျွန်းပေါ်များကို သီးစားချထားရာတွင်လည်း သီးစားချထားရေး နည်းဥပဒေ ၁၆(၄)ပါ မူများအရ ချထားပေးရမည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း။

မြစ်ချောင်းများ ရေလမ်းကြောင်းပြောင်းလဲမှုကြောင့် ပေါ်ထွန်းလာသည့် သောင်နုမြေများနှင့် စပ်လျဉ်း၍ ဒေသဆိုင်ရာအာဏာပိုင်များဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်နှင့်ခရိုင် အုပ်ချုပ်ရေးမှူးတို့၏ အဆင့်ဆင့်တင်ပြချက်များကို ၁၉၆၃ ခုနှစ် သီးစားချထားရေးနည်းဥပဒေ ၁၆(၄)(ခ)နှင့်အညီ ဆုံးဖြတ်ပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးက လုပ်ကိုင်ခွင့် ချထားပေးလျက်ရှိပါကြောင်း၊ မေးခွန်းပါ စစ်တောင်းမြစ်ကြောင်းပြောင်းလဲလာပြီး ပေါ်ထွန်းလာသည့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရှမ်းကိုင်းကျေးရွာအုပ်စုနှင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာတို့ အကြားတွင်ရှိသည့် သောင်နုမြေများသည် ၁၉၈၉-၁၉၉၀ ခုနှစ်တွင် စတင်ပေါ်ထွန်းလာခဲ့ပါကြောင်း၊ မူလက စိုက်ပျိုးလုပ်ကိုင်မှုမဖြစ်ထွန်းခဲ့သော်လည်း တဖြည်းဖြည်း နုန်းပို့ချမှုများလာပြီး စိုက်ပျိုး၍ရလာသည့်အတွက်ကြောင့် နှစ်ဖက်မြို့နယ်ရှိ တောင်သူအချို့ဝင်ရောက်စိုက်ပျိုးလာကြရာမှ အငြင်းပွားမှုများ ဖြစ်ပွားလာခဲ့ပါကြောင်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် သောင်မြေ ဧရိယာ (၅၁၄)ဧကခန့်ရှိလာပြီး ဝေါမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့မှ တောင်သူများက ဝင်ရောက်စိုက်ပျိုးခဲ့ပါကြောင်း။

**ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ တောင်သူစိုက်ပျိုးပြီး ကျန်ရှိသည့်မြေ(၁၃၄)ဧကကို လျှောက်ထားသူ မင်းမင်းထွန်းကုမ္ပဏီအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာမြို့နယ်က တစ်နှစ်၊ တစ်ရာသီ စိုက်ပျိုးလုပ်ကိုင်ခွင့် ချထားပေးခဲ့ပါကြောင်း၊ တောင်သူများအတွက် မြေနုကျွန်းများနှင့် သောင်နုကျွန်းများကို စီမံခန့်ခွဲရာတွင် သမဝါယမစနစ်အခြေခံသည့် စုပေါင်းလုပ်ကိုင်ခြင်းကို အဓိကရည်ရွယ်လျက် အမှန်တကယ်လုပ်ကိုင်မည့် လယ်မဲ့ယာမဲ့တောင်သူများကိုသာ တန်းစီဇယားဖြင့် ချထားဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် မြေနုကျွန်းများနှင့်သောင်နုမြေများ လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ၏ **"ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ငန်းတက်ကျေးရွာအုပ်စုနှင့် ဖုံသာကျေးရွာအုပ်စုများမှ လယ်မြေများသိမ်းယူထားရှိမှုနှင့် စပ်လျဉ်း၍ တိုင်ကြားချက်များအပေါ် မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇(က)တွင် "နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားရှိသည့်အားလျော်စွာ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ ပိုင်နက်နယ်မြေကိုကာကွယ်ရန်နှင့် အမျိုးသားလုံခြုံရေးတာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖွဲ့စည်းချထားကာကွယ်ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ဖြစ်ပါကြောင်း။

**အဆိုပါ တာဝန်များကို ထမ်းဆောင်ရန်အတွက် တပ်ပိုင်မြေများသတ်မှတ် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အမြော်အမြင်ကြီးစွာဖြင့် စီမံခန့်ခွဲဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တပ်ပိုင်လယ်မြေများတွင် သီးစားချထားလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသ အုပ်ချုပ်ရေးအဖွဲ့များက ပြန်လည်စိစစ်ပြီး နယ်မြေခံ တပ်ဌာနချုပ်တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ပြန်လည်လေ့လာဆန်းစစ်ပြီး ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားအတွက် လိုအပ်ချက်များအပေါ် ညှိနှိုင်းသုံးသပ် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။



အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ဆွေးနွေးစဉ်။ (သတင်းစဉ်)

အဆိုပါမေးခွန်းကို ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာများဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးအပ်ကြောင်း လွှတ်တော်က ဆုံးဖြတ်သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က စက်မှုကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"ပြည်သူအများ လွယ်ကူစွာဝယ်ယူစီးနင်းနိုင်ရေးအတွက် မြန်မာမီနီဆလွန်းမော်တော်ယာဉ်ငယ်များကို အမှတ် (၂)စက်မှုဝန်ကြီးဌာနက လိုအပ်သောအစီးရေပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ၊ မြန်မာမီနီဆလွန်းနှင့်အလားတူဖြစ်သော ချယ်ရီဝက်ဂွန်ယာဉ်ငယ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တိုက်ရိုက်တင်သွင်းရောင်းချခွင့်ပြုနိုင်ခြင်း ရှိ/မရှိနှင့် ၂၀၀၀ စီစီအောက် ဆီစားနှုန်းသက်သာသော အခြားမော်တော်ယာဉ်ငယ်များကို ပြည်ပမှ တင်သွင်းခွင့်ပြုနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းများနှင့်စပ်လျဉ်း၍ စက်မှုကုန်ထုတ်လုပ်မှု၏ သဘောသဘာဝများကို ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပါကြောင်းနှင့် Daily Rate of Production မြှင့်တင်နိုင်ရန်အတွက် ထုတ်လုပ်မှုဆောင်ရွက်သည့် မူလအခြေခံစက်ရုံကို တည်ဆောက်မှုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မော်တော်ယာဉ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောပစ္စည်းအစိတ်အပိုင်းများ ဝယ်ယူနိုင်ရန် ဘတ်ဂျက်လျာထားချက်တွင် ပါရှိရမည်ဖြစ်ပါကြောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာမီနီဆလွန်း

✻ **စာမျက်နှာ ၇ မှ**

သို့ဖြစ်၍ "လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက လိုအပ်သည့်အချိန်တွင် ခေါ်ယူကျင်းပရမည်ဟု ကိန်းဂဏန်းမပါဘဲ ပြင်ဆင်ဖော်ပြသင့်ပါကြောင်း" အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၃၆ မှ အပိုဒ် ၄၈ အထိ ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်းက "အပိုဒ် ၄၉၊ မူလပြဋ္ဌာန်းချက် စာကြောင်းရေ ၄ ရှိ **အခြားဘာသာ၊ သာသနာကို ပုတ်ခတ်ပြောဆိုခြင်း** စကားရပ်နောက်တွင် **အခြားပါတီတစ်ခုခုကို ထိခိုက်၊ ပုတ်ခတ်ပြောဆိုခြင်း** ဟူသောစကားရပ် ဖြည့်စွက်ရန်"အဆိုကိုတင်သွင်းသည့်အတွက် လွှတ်တော်အခွင့်အရေး ကော်မတီ၏ သဘောထားကိုမေးမြန်းရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က လျော်ကန်သင့်မြတ်မှုရှိသည့်အတွက် သဘောတူပါကြောင်းဖြင့်တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၄၉ သည် ဦးအောင်မြသန်း ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၅၀ မှ အပိုဒ် ၅၂၊ အပိုဒ်ခွဲ(ခ)အထိ ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်က"မူလပြဋ္ဌာန်းချက် အပိုဒ် ၅၂၊ အပိုဒ်ခွဲ(ခ)အောက်တွင် အပိုဒ်ခွဲ(ဂ)အဖြစ် **လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့တက်ရောက်သည့်အခါ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းမေးမြန်းသည့် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော မေးခွန်းများကို ပြန်လည်ဖြေကြားခွင့်ရှိသည့်အပြင် အဆိုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးအကြံပြုခွင့်ရှိသည်** ဟူသော အပိုဒ်ခွဲနှင့် အပိုဒ်ခွဲ(ဃ)အဖြစ် **လွှတ်တော်ကော်မတီများက လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရန် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို မေးမြန်းလာပါက ဆောင်ရွက်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းမရှိပါက ပြီးစီးခြင်းမရှိသည့်အကြောင်းအရင်းကို ပြန်ကြားခွင့်ရှိသည်**ဟူသော အပိုဒ်ခွဲအသစ်(၂)ခု ထပ်မံဖြည့်စွက်ရန်" အဆိုကို တင်သွင်းသည့်အတွက် လွှတ်တော်အခွင့်အရေးကော်မတီ၏ သဘောထားကို မေးမြန်းရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က လျော်ကန်သင့်မြတ်မှုရှိသည့်အတွက် သဘောတူပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အဆိုရှင်ဦးသန်းမြင့်၏ အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယနေ့ ဆွေးနွေးအတည်ပြုသည့် **ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုရန် ကျန်ရှိသည့်အပိုဒ်များကို ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် စက်တင်ဘာ(၂၈)ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)



မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၁ ခုနှစ် ပထမအကြိမ် Champion Challenge Cup Tournament တတိယအသုတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် လက်ဝှေ့လက်ရွေးစင်များ သရုပ်ပြယှဉ်ပြိုင်ထိုးသတ်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)


အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့

INTERNATIONAL DAY OF OLDER PERSONS

1st October 2011

"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"

"TOWARDS A SOCIETY FOR ALL AGES"

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန


## ပထမအကြိမ် Champion Challenge Cup Tournament တတိယအသုတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

**၂၀၁၁ခုနှစ် ပထမအကြိမ် Champion Challenge Cup Tournament တတိယအသုတ်အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ကြည့်ရှု အားပေးသည်။**

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ ပြိုင်ပွဲကွင်း အတွင်းသတ်မှတ်နေရာများ၌ ဝင်ရောက်နေရာယူကြပြီး မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ကိုယ်စား ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် လက်ရွေးစင်အားကစားသမားများက သရုပ်ပြယှဉ်ပြိုင်ထိုးသတ်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အနိုင်ရရှိသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (M.I.C.C) ရှေ့၌ ကျင်းပသော တစ်ဦးချင်းစံချိန်ပြု စက်ဘီးပြိုင်ပွဲများနှင့် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ကျင်းပနေသော ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

၂၀၁၁ ခုနှစ် ပထမအကြိမ် Champion Challenge Cup Tournament တတိယအသုတ် အားကစားပြိုင်ပွဲများ အဖြစ် တစ်ဦးချင်းစံချိန်ပြုနှင့် တာဝေးစက်ဘီးပြိုင်ပွဲများကို စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ရှေ့၌လည်းကောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲများကို စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ လည်းကောင်း၊ ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကို စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၁ ရက်အထိ နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ကလပ်အသင်း ၁၆ သင်းနှင့် အားကစားနှင့်ကာယ ပညာသိပ္ပံ(ရန်ကုန်နှင့် မန္တလေး)တို့မှ အားကစားသမားစုစုပေါင်း ၅၈၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)



မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် မြန်မာ့ဘောလုံးပရိသတ်များ စည်ကားသိုက်မြိုက်စွာ အားပေးနေကြသည်ကို တွေ့ရစဉ်။

## ရန်ကုန်ယူနိုက်တက်နဲ့ ရော်ဝတီယူနိုက်တက် ဘယ်သူဗိုလ်စွဲမလဲ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံး အဆင့်အတန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိနိုင်ရေး စသော ရည်ရွယ်ချက်များဖြင့် ကျင်းပလာခဲ့သည်မှာ တတိယအကြိမ်သို့ပင် ရောက်ရှိလာခဲ့သည်။

"အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ် စောင့်ရှောက်နေခြင်း" ဖြစ်သည်ဟူသော ခံယူချက်ဖြင့် နိုင်ငံတော်၏ ပံ့ပိုးကူညီမှု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဦးဆောင်မှုအောက်တွင် အဖွဲ့ချုပ်အမှုဆောင်များက တူညီသောရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ယခုအခါ မြန်မာနေရှင်နယ်လိဂ်၏ တတိယအကြိမ်ပြိုင်ပွဲဖြစ်သည့် ယနေ့ကျင်းပမည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရော်ဝတီယူနိုက်တက်တို့၏ ယှဉ်ပြိုင်မှုမှာ မြန်မာ့ဘောလုံးပရိသတ်များအတွက် အကြိုက်တွေ့မည့်ပြိုင်ပွဲကြီးဖြစ်ပေသည်။

ရန်ကုန်ယူနိုက်တက်အသင်းမှာလည်း လက်ရှိပြိုင်ပွဲတွင် လူအများစိတ်ဝင်စားခဲ့ရသော အသင်းကောင်းတစ်သင်းဖြစ်သည်။ အသင်းပိုင်ရှင်နှင့် အသင်းအကြီးအကဲများမှာလည်း ဘောလုံးကို အထူးချစ်မြတ်နိုးပြီး စိတ်ဝင်စားမှုများကာ ပြိုင်ပွဲတိုင်း၌ မြင့်မားသည့်အောင်မြင်မှုများ ရယူလိုသည့် ဆန္ဒများ ပြင်းပြနေသူများ ဖြစ်သည်။

အသင်းအတွက်လည်း လိုလေသေးမရှိအောင် အကောင်းဆုံးပံ့ပိုးမှုများပေးထားသည်။ အသင်းသားအားလုံးတွင် အောင်ပွဲဆာလောင်သော စိတ်ဓာတ်များပြင်းထန်နေသည်။

ရန်ကုန်ယူနိုက်တက်အသင်းတွင် အသင်းခေါင်းဆောင် မျိုးမင်းထွန်းဦးဆောင်ပြီး နိုင်ငံခြားသား အားကစားသမားများဖြစ်သော ချာလစ်အိုဘီ၊ ဂျူဘီနယ်နှင့် ခြေစွမ်းထက်မြက်သော ပြည်တွင်းအားကစားသမား ရာဇာဝင်းသိန်း၊ ရန်အောင်ဝင်းနှင့် မိုင်းအိုက်နိုင်တို့ဖြင့် ပွဲထွက်လာမည်ဖြစ်သည်။

MNL ပြိုင်ပွဲဝင်အသင်းတစ်သင်းဖြစ်သော ရော်ဝတီယူနိုက်တက်အသင်းမှာ ရော်ဝတီတိုင်းဒေသကြီးကိုယ်စားပြုအသင်းဖြစ်ပြီး အသင်းပိုင်ရှင်နှင့် အကြီးအကဲများမှာ ဘောလုံးကို အလွန်ချစ်တတ်သူများဖြစ်သည်။ ယခင်ပြိုင်ပွဲများတွင် မျှော်လင့်ထားသော အောင်မြင်မှုမရခဲ့၍ အသင်းကစားသမားအားလုံး နီးပါးအပြောင်းအရွှေ့ပြုလုပ်ပြီး အသင်း၏ လိုအပ်ချက်များကို ပြန်လည်စိစစ်၍ ဖွဲ့စည်းမှုအသစ်များဖြင့် ပြုပြင်ကာ ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိ ယှဉ်ပြိုင်ကစားထားပြီး ယခုပြိုင်ပွဲပြီးဆုံးခါနီးအချိန် ပထမနေရာတွင်ရှိသော ရန်ကုန်ယူနိုက်တက်အသင်းအား ဖိအားပေးလျက်ရှိသည်။ အသစ်ခေါ်ယူထားသော နိုင်ငံခြားကစားသမားများနှင့် အသင်းရှိ ပြည်တွင်းကစားသမားများဖြင့် တွဲဖက်ညီညီ ကစားနိုင်သဖြင့် ပြိုင်ဘက်အသင်းများ အလေးထားရသည့် အသင်းကောင်းတစ်သင်းဖြစ်သည်။

ရော်ဝတီယူနိုက်တက်အသင်းတွင် ဂိုးသမား သီဟစည်သူ လက်စွမ်းထက်သကဲ့သို့ မင်းမင်းသူနှင့် မင်းမင်းထွန်းတို့မှာ ခြေစွမ်းထက်မြက်သူများဖြစ်၍ အဓိကစောင့်ကြည့်ရမည့် ကစားသမားများဖြစ်သည်။

ယခုပြိုင်ပွဲများအပြီးတွင် အင်ဒိုနီးရှားဆီးဂိမ်းအတွက် လူရွေးချယ်မည်ဖြစ်ရာ နှစ်ဖက်အသင်းသားများ အနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ဖြင့် အားကုန်ထုတ်ကစားကြမည် ဖြစ်ရာ အထူးကြည့်ကောင်းမည့် ပြိုင်ပွဲကြီးဖြစ်ပြီး ရိုးသားကြိုးစား ရော်ဝတီသားကပဲ အနိုင်ယူမလား၊ အောင်ပွဲကို ဆာလောင်နေသော ရန်ကုန်ယူနိုက်တက်အသင်းကပဲ အနိုင်ယူမလားဆိုတာ စောင့်ကြည့်ကြပါစို့လားဗျာ။

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်ယူနိုက်တက် | ၂၁ | ၁၇ | ၂ | ၂ | ၅၃ |
| ၂ | ရော်ဝတီ | ၂၁ | ၁၅ | ၆ | - | ၅၁ |
| ၃ | ဧရာဝတီ | ၂၁ | ၁၄ | ၃ | ၄ | ၄၅ |
| ၄ | ကမ္ဘောဇ | ၂၀ | ၉ | ၅ | ၆ | ၃၂ |
| ၅ | မကွေး | ၂၁ | ၈ | ၆ | ၇ | ၃၀ |
| ၆ | ဥသျှောင်ယူနိုက်တက် | ၂၁ | ၈ | ၆ | ၇ | ၃၀ |
| ၇ | နေပြည်တော် | ၂၁ | ၇ | ၆ | ၈ | ၂၇ |
| ၈ | ဆောက်သမ်မြန်မာ | ၂၁ | ၅ | ၉ | ၇ | ၂၄ |
| ၉ | ရက္ခပူရ | ၂၁ | ၄ | ၇ | ၁၀ | ၁၉ |
| ၁၀ | မနောမြေ | ၂၀ | ၃ | ၆ | ၁၁ | ၁၅ |
| ၁၁ | ရတနာပုံ | ၁၈ | ၃ | ၅ | ၁၀ | ၁၄ |
| ၁၂ | ဇွဲကပင်ယူနိုက်တက် | ၂၀ | ၀ | ၀ | ၂၀ | ၀ |


သတင်းမှတ်စုနှင့်

တက်ပုံ

ဇော်မင်းအောင်

(၁၀၇)


## မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များ

စက်တင်ဘာ ၂၈ ရက်တွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်များကို အောက်ပါ သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်သည်။

**(သုဝဏ္ဏကွင်း)**

ညနေ ၃း၃၀

**ရန်ကုန်ယူ - ရော်ဝတီ**

ညနေ ၆း၀၀

**ရက္ခပူရ - ဇွဲကပင်**

**(YUS ကွင်း)**

ညနေ ၃း၃၀

**မကွေး - ဥသျှော**

**(အောင်ဆန်းကွင်း)**

ညနေ ၃း၃၀

**ဧရာရွှေမြေ - မနောမြေ**

**(ပဒုမ္မာကွင်း)**

ညနေ ၃း၃၀

**ရတနာပုံ - နေပြည်တော်**

**(KBZ ကွင်း)**

ညနေ ၃း၃၀

**ကမ္ဘောဇ - Southern**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ဟော်ကီပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၁၁ ခုနှစ် တတိယအကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဟော်ကီပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဟော်ကီကွင်းရှိ သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပမည် ဖြစ်သည်။

၂၀၁၀ ခုနှစ် ဒုတိယအကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဟော်ကီပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယနှင့် ရခိုင်ပြည်နယ်အသင်းက တတိယ ရရှိခဲ့ကြသည်။ (သတင်းစဉ်)

## အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၁၁ခုနှစ် (၇)ကြိမ်မြောက် အသက်(၁၈)နှစ်အောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏ၌ ကျင်းပမည် ဖြစ်သည်။

(၆)ကြိမ်မြောက် အသက်(၁၈) နှစ်အောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ တနင်္သာရီတိုင်းဒေသကြီးက ဒုတိယနှင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယ၊ အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယနှင့် မကွေးတိုင်းဒေသကြီးအသင်းက တတိယ ရရှိကြပြီး စွယ်စုံတံခွန်စိုက်ဒိုင်းဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်းက ရရှိခဲ့သည်။

(သတင်းစဉ်)

※ **ကျောဖုံးမှ**

**အုပ်စု (F)**

**အာဆင်နယ်-အိုလံပီယာကော့စ်။** ။ အာဆင်နယ်က တစ်မှတ်နှင့် အိုလံပီယာကော့စ် အမှတ်မရသေးပေ။ ပထမပွဲတွင် ဒေါ့မွန်ကို သရေကျထားသည့် အာဆင်နယ် အိမ်ကွင်းတွင် တိုက်စစ်ဖွင့်ပြီး အနိုင်သုံးမှတ်ကိုရှာလာမည် ဖြစ်သည်။ အာဆင်နယ်၏ သွင်းဂိုးမှာ နှစ်ဂိုးထက်ပိုဖွယ်ရာရှိနေသည်။

**မာဆေး-ဒေါ့မွန်။** ။ မာဆေးသုံးမှတ်နှင့် ဒေါ့မွန်တစ်မှတ်ရထားသည်။ ပြင်သစ်မြေတွင် မာဆေးရလဒ်ကောင်းလေ့ရှိခြင်းကြောင့် ဂျာမန်ကလပ် ဒေါ့မွန်ဆီက အမှတ်ပြည့်ရယူသွားဖွယ်ရှိနေသည်။

**အုပ်စု (G)**

**ဇင်းနစ်-ပေါ်တို။** ။ ဤပွဲကိုဗုဒ္ဓဟူးနေ့ည ၁၀ နာရီခွဲတွင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇင်းနစ်ရမှတ်မရှိသေးသော်လည်း ပေါ်တိုက သုံးမှတ်ရထားသည်။ ပေါ်တိုခြေစွမ်းသာသော်လည်း ရုရှားမြေဖြစ်နေခြင်းကြောင့် အိမ်ရှင်ဇင်းနစ် သရေမျှော်လင့်ခွင့်ရှိနေသည်။

**ရှက်တာဒိုးနက်-အေပိုးလ်။** ။ရှက်တာဒိုးနက်အမှတ်မရသေးဘဲ အေပိုးလ်က သုံးမှတ်ရထားသည်။ ခြေစွမ်းညီနှစ်သင်း ဆုံတွေ့ခြင်းကြောင့် သရေကျရန်ရာနှုန်းများနေသော်လည်း အိမ်ကွင်းကစားရမည့် ရှက်တာဒိုးနက် အနည်းငယ် အသာရသွားနိုင်သည်။

**အုပ်စု (H)**

**ဘိုရီဆော့ဗ်-ဘာစီလိုနာ။** ။ ဤအုပ်စုတွင် လေးသင်းစလုံးတစ်မှတ်စီရထားသည်။ ဘီလာရုစ်ကလပ် ဘိုရီဆော့ဗ်အနေဖြင့် အိမ်ကွင်းအားသာချက်တစ်ခုတည်းဖြင့် ဘာစီလိုနာကို ယှဉ်နိုင်ရန်မှာ မလွယ်လှပေ။ ဘာစီလိုနာအသင်း သွင်းဂိုးများသွားနိုင်သည့်ပွဲတစ်ပွဲဖြစ်လာနိုင်သည်။

**အေစီမီလန်-ပလာဇင်။** ။ ဤနှစ်သင်း၏လက်ရှိခြေစွမ်းက ကွာဟမှုကြီးမားလှသကဲ့သို့ အေစီမီလန်တွင် လူပြန်စုံလာမည်ဖြစ်သည်။ အေစီမီလန်အသင်း၏ သွင်းဂိုးအများကို စောင့်ကြည့်ရင်း အိမ်ရှင်ပရိသတ်လုပ်ကြည့်လိုပါသည်။

**ဟန်သစ်**


အားကစားမြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်မူးယစ်ဆေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ

## မလေးရှားနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဒေါက်တာ အာမတ် ဖိုင်ဆဲလ် ဘင် မိုဟာမက်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးသို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး ဒေါက်တာ အာမတ် ဖိုင်ဆဲလ် ဘင် မိုဟာမက်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

### အနောက်တောင်မုတ်သုံလေဆုတ်ခွာ

**နေပြည်တော် စက်တင်ဘာ ၂၇**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။(မိုး/ဇလ)

### မိုးဆက်လက်ထစ်ချုန်းနိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သော်လည်း အနောက်လေစီးကြောင်းများအတွင်း မျောပါလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်မှ မုန်တိုင်းများ ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ပြီးနောက် မုန်တိုင်းအကြွင်းအကျန်များ အနောက်ဘက်သို့ ဆက်လက်ရွေ့လျားလာပြီး မြန်မာနိုင်ငံကို ဖြတ်ကျော်ဝင်ရောက်လာမှုများကြောင့် လည်းကောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊ အရှေ့ပိုင်းဒေသများနှင့် အလယ်ပိုင်းဒေသများတွင် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မိုး/ဇလ)

### အာဆင်နယ်နှင့် အေစီမီလန်တို့ကို ရွေးချယ်အားပေးရမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၂) ဒုတိယနေ့ပွဲစဉ်များ

၂၉-၉-၂၀၁၁(ကြာသပတေးနေ့)
နံနက် ၁း၁၅ နာရီ

**ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)၏ ဒုတိယနေ့ပွဲစဉ်များတွင် အိမ်ကွင်းကစားရမည့် အာဆင်နယ်နှင့်အေစီမီလန်တို့ကို ရွေးချယ်အားပေးရင်း အုပ်စုပွဲစဉ်(၂)၏ ဒုတိယနေ့ပွဲစဉ်များကို ရင်ခုန်ခံစားကြည့်လိုသည်။**

**အုပ်စု (E)**

**ဗလင်စီယာ-ချယ်လ်ဆီး။** ။ဗလင်စီယာတစ်မှတ်နှင့် ချယ်လ်ဆီး သုံးမှတ်ရထားသည်။ ထိပ်တိုက်တွေ့ဆုံမှု လေးကြိမ်တွင် ချယ်လ်ဆီးအသာရထားသည်။ စပိန်မြေ



တွင်ဖြစ်ခြင်းကြောင့် သရေကျရန် ရာနှုန်းများနေသော်လည်း ဥ‌ေ့သည်ချယ်လ်ဆီး အနည်းငယ် အလေးသာနိုင်သည်။

**လေဗာကူဆင်-ဂျန့်။** ။လေဗာကူဆင် အမှတ်မရသေးသော်လည်း ဂျန့်က တစ်မှတ်ရထားသည်။ ဂျာမန်မြေဖြစ်ခြင်းကြောင့် လေဗာကူဆင် အမှတ်ပြည့်ရသွားနိုင်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

**ချယ်လ်ဆီး တိုက်စစ်ကို ဦးဆောင်လာမည့် ဖာနန်ဒို တောရက်စ်။**

ယ နေ့ သ တ င် း အ ညွှ န် း

### နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် INGO များ လက်မှတ်ရေးထိုး

"ကျေးရွာလူထုစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပညာရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးတို့အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈ သန်းဖြင့် ဆောင်ရွက်သွားမည်"

ပြည်တွင်းသတင်း စာမျက်နှာ - ၃

### ရှေးဟောင်းပစ္စည်းအပ်နှံသူအား ဂုဏ်ပြုဆုငွေချီးမြှင့်

"ကျိုက်ပိကျေးရွာမှ ဦးရွှေလင်း ၎င်း၏ ရော်ဘာခြံအတွင်းမှ တွေ့ရှိရသော ရွှေအပိုင်းအစများ၊ ဖောင်းရှစ်ခုပါ ပုတီးစေ့များ၊ ငွေဒင်္ဂါးပြား ၁၀၁ ပြား၊ နားတောင်းတစ်ရန် စုစုပေါင်းပစ္စည်းအမျိုးအစား ၁၁ မျိုးကို အမျိုးသားပြတိုက်သို့ အပ်နှံရာ ရှေးဟောင်းသုတေသနမှ ငွေကျပ် ၂၃၀၉၃၀၀ ဂုဏ်ပြုချီးမြှင့်"

ပြည်တွင်းသတင်း စာမျက်နှာ - ၄

### ရန်ကုန်ယူနိုက်တက်နဲ့ ရောဝတီယူနိုက်တက် ဘယ်သူပိုလိစ္စမလဲ

"ရိုးသားကြိုးစား ရောဝတီသားပဲ အနိုင်ယူမလား၊ အောင်ပွဲဆာလောင်နေတဲ့ ရန်ကုန်ယူနိုက်တက်ပဲ အနိုင်ယူမလားဆိုတာ"

ပြည်တွင်းသတင်း စာမျက်နှာ - ၁၀